# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော်(၃)ရက် ၊ တနင်္ဂနွေနေ့ ၊ (20-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၇၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊

**စာမျက်နှာ ၁၆ ကော်လံ ၅**




ရတနာပုံ
၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# သန်းခေါင်စာရင်းကောက်ယူရေးတွင် တစ်ဦးတစ်ယောက်မျှမကျန်စေရေး

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ ကောက်ယူခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသူများအတွက် အောက်တိုဘာ ၃၁ ရက်ထိ တိုးမြှင့်သတ်မှတ်ကောက်ယူခြင်းတွင် ပြည်သူအားလုံးပါဝင်ရန်လိုအပ်ပေသည်။

နိုင်ငံတစ်နိုင်ငံသည် သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသော လူဦးရေဆိုင်ရာကိန်းဂဏန်း အချက်အလက်များပေါ်အခြေခံ၍ နိုင်ငံ၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက်အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံအလိုက် ၁၀ နှစ်လျှင် တစ်ကြိမ်ဆောင်ရွက်လျက်ရှိသည်။

သန်းခေါင်စာရင်းမှရရှိသောအချက်အလက်များသည် နိုင်ငံတော်အစိုးရအပါအဝင် ဝန်ကြီးဌာနနှင့် သာသက်ဆိုင်ခြင်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးနှင့်သက်ဆိုင်ပြီး လူတစ်ဦးချင်းစီက အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကိစ္စရပ်များ၏ ဘက်စုံကဏ္ဍစုံအတွက် မဖြစ်မနေအခြေခံအသုံးပြုရသည့် အချက်အလက်များဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို မြန်မာနိုင်ငံ၏ တိကျမှန်ကန်သည့် လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီစဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အကြား ၁၀ နှစ်အတွင်း မြန်မာနိုင်ငံ လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာသုတေသနပြုလုပ်ပြီး လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာနှင့်နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက်ချမှတ်ဆောင်ရွက်မည့်စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့်အညွှန်းကိန်းများ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကောက်ယူနေခြင်းဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိကကောက်ယူအကောင်အထည်ဖော်ဆောင်ရွက်ပြီး ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းဖြစ်သည်နှင့်အညီ အားလုံးကဝိုင်းဝန်းကူညီဆောင်ရွက်ကြသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းကောက်ယူမှုမခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု၊ သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့်ပြည်သူများကို ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်က အသိပေးထားသည်။

သို့ဖြစ်ရာ သန်းခေါင်စာရင်းရလဒ်သည် နိုင်ငံအတွက် အရေးပါသောအချက်အလက်များဖြစ်သလို မိမိတစ်ဦးတစ်ယောက်ချင်းအတွက်လည်း အကျိုးကျေးဇူးရရှိစေမည်ဖြစ်သည်။ ထို့ကြောင့် လက်ဝယ်ရရှိနေသောအခွင့်အရေးကြီးကို ပြည့်ပြည့်ဝဝခံစားရရှိစေရန်အတွက် သန်းခေါင်စာရင်းကို လူတိုင်းအကောက်ခံခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်ရက်များတွင် ပြည်သူများအေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြ



**မန္တလေး အောက်တိုဘာ ၁၉**

မန္တလေးမြို့ မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ နှစ်ရက်တာကျင်းပခဲ့ရာ မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ပြည်သူများအေးချမ်းပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက မီးထွန်းပွဲတော်လာပြည်သူများနှင့်အတူ ၂၆ လမ်းနှင့် ၆၆ လမ်းရှိ ကုသိုလ်တော် ပုံတူစေတီတော်ရှေ့တွင် ဆီမီးများကို ထွန်းညှိပူဇော်ခဲ့ကြသည်။

မန္တလေးမြို့တွင် မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ၂၆ လမ်း၊ ၆၆လမ်းမှ ၇၃လမ်းထိ ကျုံးဘေးလမ်းမကြီးတစ်လျှောက် သွယ်တန်း အလှဆင်ထားသည့် လျှပ်စစ်ရောင်စုံအလှဆင်မီးများ၊ ချိတ်ဆွဲထားသည့် ရောင်စုံမီးပုံးများ၊ မီးအလှဆင်ရုပ်များ၊ မီးအလှဆင်ထားသည့် LED လိုဏ်ခေါင်းများဖြင့် အရောင်အသွေးစုံညီစွာ အလှအပများကို ကြည့်ရှုခံစားကြသူများ၊ အမှတ်တရဓာတ်ပုံရိုက်ကူးကြသူများ၊ မြူးကြွသည့် ဂီတသံစဉ်တီးခတ်မှုများနှင့် နိုင်ငံကျော် အနုပညာရှင်များ၏ ဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုကြသူများ၊ ဈေးရောင်းပွဲတော်များတွင် ဝယ်ယူအားပေးကြသူများဖြင့် စည်ကားခဲ့ပြီး မီးထွန်းပွဲတော်သို့ လာရောက်လည်ပတ်ကြသူများမှာ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၃၆၆ ဧက စိုက်ပျိုးပြီးစီး

**ဘုတလင် အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၃၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ဧက ၁၁၀ နှင့် မိုးပဲတီစိမ်း ၁၁၂၃၂ ဧက စုစုပေါင်း ၁၁၃၄၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ၄၈ ဧကနှင့်မိုးပဲတီစိမ်း ၁၁၃၁၈ ဧက စုစုပေါင်း ၁၁၃၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲတီစိမ်း ၁၁၃၄၂ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၁၃၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လက်ရှိအချိန်မှာတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ပညာပေးတာတွေရှိတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၃၀၁၆ ဧက စိုက်ပျိုးပြီးစီး

**အရာတော် အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၃၀၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၂၈၀၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၃၀၁၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းဧက ၄၂၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ နှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်နေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှ တစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ဆိပ်ဖြူမြို့နယ် ဆူးလေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆိပ်ဖြူ အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆူးလေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ ဆူးလေကုန်းကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ် ဆူးလေကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားလုပ်ငန်း လုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၃ ဦးကို အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးခဲ့ကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ချိုလေး

## လယ်ဝေးမြို့နယ် ပျံချီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျံချီကျေးရွာအုပ်စု ပျံချီကျေးရွာ၌ ပထမအကြိမ်မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ပျံချီကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်နှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၂၉၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ပျံချီကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၉၅ ဦးကို ရန်ပုံငွေကျပ် ၂၉၄ သိန်းထုတ်ချေးပေးခဲ့ကြောင်း လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

မောင်ခိုင်

## သီတင်းကျွတ်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးမှ ခရီးသွားများ အဆင်ပြေစွာသွားလာနိုင်ရန် အဝေးပြေးယာဉ်လိုင်း ၂၀၀ ကျော် ပြေးဆွဲပေးနေ



**နေပြည်တော် အောက်တိုဘာ ၁၉**

သီတင်းကျွတ်ပိတ်ရက်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးမှ အနယ်နယ်အရပ်ရပ်သို့ ပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရန် အဝေးပြေးယာဉ်လိုင်း ၂၀၀ ကျော် ပိတ်ရက်မရှိ ပြေးဆွဲပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (အဝေးပြေး)မှ ကော်မတီဝင် ဦးဘမြင့်က ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးမှ နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်များသို့ သီတင်းကျွတ်ပိတ်ရက်ကာလအတွင်း သွားလာကြမည့် ခရီးသွားပြည်သူများအတွက် အဝေးပြေးယာဉ်လိုင်းပေါင်း ၂၀၀ ကျော်မှ အဝေးပြေးယာဉ်ကြီး အစီးရေ ၇၀၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

“သီတင်းကျွတ်ကာလမတိုင်မီ ရန်ကုန်ကနေ အနယ်နယ်အရပ်ရပ်ကို သွားလာကြတဲ့ ခရီးသွားပြည်သူဦးရေ တစ်ရက်ကို ၇၀၀၀ ခန့်ရှိပါတယ်။ အခု သီတင်းကျွတ်ကာလမှာတော့ တစ်ရက်ကို ခရီးသွားပြည်သူဦးရေ ၁၃၀၀၀ ခန့်ထိ သွားလာလျက်ရှိပါတယ်။ သီတင်းကျွတ်ကာလမှာ ခရီးသွားတွေ သွားလာမှု အဆင်ပြေစေဖို့၊ လက်မှတ်တွေ အလွယ်တကူ ဝယ်ယူနိုင်စေဖို့နဲ့ ယာဉ်စီးခတွေ တိုးမယူဖို့ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု ရန်ကုန်တိုင်း ဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီ (အဝေးပြေး)မှ ကော်မတီဝင် ဦးဘမြင့်က ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာနိုင်ငံအထက်ပိုင်းဒေသများရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းစသည့် အဝေးပြေး ယာဉ်ရပ်နားစခန်းများမှ ယာဉ်လိုင်းများ ပြေးဆွဲပေးနေကြောင်း သိရသည်။

ASH

## ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲများ အရောင်းအဝယ်ကောင်းနေ

**ကျိုက်လတ် အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲများ အရောင်းအဝယ် ကောင်းနေကြောင်း ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးမှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းမော်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ဒေသထွက် တိုင်ထောင်ပဲများ တွင် အောက်တိုဘာလ ပထမပတ်မှ စပြီး အရောင်းအဝယ်ကောင်းမွန်လာကာ လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲ ၁၇ ပိဿာမှ ၄၅ ပိဿာထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ တိုင်ထောင်ပဲ တစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေထွက်ရှိတဲ့ တိုင်ထောင်ပဲတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများပြားနေပါတယ်။ လက်ရှိ တိုင်ထောင်ပဲ ၄၅ ပိဿာထိ တစ်ရက်အတွင်း အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလို ဒေသထွက်ကုန် တိုင်ထောင်ပဲတွေ ဝယ်ယူမှုများလာတော့ ဟင်းသီးဟင်းရွက်စိုက်တဲ့ တောင်သူတွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုရရှိလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးမှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်သန်းမော်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲများအပါအဝင် ဒေသထွက် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲ သီးများ ဝယ်ယူမှုများပြားလာခြင်း ကြောင့် ဒေသခံတောင်သူများအနေဖြင့် တိုင်ထောင်ပဲများကို ထပ်မံတိုးချဲ့စိုက် ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း၊ ဒေသထွက်ကုန်ဖြစ်သည့် တိုင်ထောင်ပဲများ ရောင်းချရသည့်အတွက် အဆိုပါဒေသမှ ပဲမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# အောင်မြင်မှုရရန်အတွက် သက်သောင့်သက်သာနေရာမှ ရုန်းထွက်ပါ

သက်သာသောနေရာတွင် အလုပ်လုပ်ရခြင်းကို လူတိုင်းလိုလားကြသည်။ သို့သော် ဘယ်အချိန်၊ ဘယ်အရွယ်၊ ဘယ်မျှချမ်းသာလျှင်ဆိုသည့် အခြေအနေများကို ထည့်သွင်းစဉ်းစားမိပါသလား။ မိမိလုပ်ငန်းသည် မည်မျှအောင်မြင်နေသည်၊ မည်သည့်အတိုင်းအတာထိ လုပ်ငန်းပမာဏရှိပြီဆိုသည်များကိုစဉ်းစားပြီးမှ သက်သက်သာသာနေမလား။ မည်သို့မျှအောင်မြင်မှုမရှိသော်လည်း ရသမျှဝင်ငွေဖြင့်သာရောင့်ရဲပြီး စီးပွားရေးလုပ်ကိုင်မလားဆိုသည်ကို စဉ်းစားကြရန် လိုအပ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ပါက အောင်မြင်ခြင်း၊ အမြတ်အစွန်းများစွာရရှိခြင်း၊ တိုးတက်အောင်မြင်လာခြင်းများကို လိုလားကြသည်သာဖြစ်သည်။ အထိုက်အလျောက်အောင်မြင်လာလျှင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုများတိုးတက်လာပြီး ကြိုးစားအားထုတ်မှုကို လျှော့ချတတ်ကြသည်။ ကြိုးစားအားထုတ်မှုနှင့် အာရုံစူးစိုက်ဆောင်ရွက်မှုတို့ကိုလျှော့ချသည်နှင့် အောင်မြင်မှုသည်လည်း ရပ်တန့်နေမည်သာဖြစ်သည်။ နောက်ပြန်လျှောကျမှုကိုပင် ရင်ဆိုင်ရနိုင်သည်။ ထို့ကြောင့် သက်သောင့်သက်သာရှိနေသောအခြေအနေမှ ရုန်းထွက်နိုင်မှသာ အောင်မြင်မှုများ၊ စီးပွားတိုးတက်မှုများကို ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ဟောပြောပွဲတစ်ခုတွင် ဆရာကြီးဒေါက်တာအောင်ထွန်းသက်က ပုံမှန်လုပ်ကိုင်နေသောဘဝများထဲမှ ထွက်နိုင်ရန်အတွက် အရှုံးအမှုးကြိုးစားရန်လိုအပ်သည်ဟု ပြောဖူးသည်။ ဆရာကြီးဆိုလိုသည်ကို ရုတ်တရက်နားမလည်လိုက်သော်လည်း နောင်တွင် စီးပွားရေးလုပ်ငန်းအောင်မြင်သူများ၏ ဘဝများကို လေ့လာမိသည့်အခါ မည်သူမဆိုကြိုးစားအားထုတ်မှုကို အရှုံးအမှုးလုပ်ကိုင်နေရသည့်အချိန်၊ အခန်းကဏ္ဍတစ်ခုရှိသည်ကို တွေ့နိုင်သည်။ လက်ရှိတွင် အောင်မြင်သောအခြေအနေမျိုးမဟုတ်ဘဲ သာမန်ဝင်ငွေမျှရှိသောလုပ်ငန်းတစ်ခုကို လုပ်ကိုင်ရင်း အကြွေးများ ရှုံးလိုက်၊ မြတ်လိုက်ဖြင့် မြုပ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့်ဖြင့် စီးပွားရေးလောကတွင် ရပ်တည်နေရသူများအနေဖြင့် လက်ရှိလုပ်ကိုင်နေသည့်အလုပ်ကိုစွန့်၍ အခြားအောင်မြင်နိုင်သည့်အလုပ်များကို ပြောင်းလဲဆောင်ရွက်မှုမလုပ်ကြသည်ကို တွေ့နိုင်သည်။ အဘယ်ကြောင့်မလုပ်သနည်းဆိုပါက သက်သောင့်သက်သာရှိသော၊ မိမိအကျွမ်းတဝင်ရှိပြီး အာရုံစူးစိုက်ရမှု၊ စိတ်ပင်ပန်းမှုများနည်းပါးသောလုပ်ငန်းဖြစ်သဖြင့် မစွန့်လွှတ်လိုကြခြင်းဖြစ်သည်ကို တွေ့နိုင်သည်။

အကယ်၍ လက်ရှိစီးပွားရေးလုပ်ငန်းသည် အကျိုးအမြတ်ရနိုင်မှုနည်းပါးသော လုပ်ငန်းတစ်ခုဖြစ်သည်ဆိုပါက စွန့်လွှတ်ပြီး နောက်လုပ်ငန်းတစ်ခုကို ပြောင်းလဲမလား၊ လက်ရှိလုပ်ငန်းကိုတိုးချဲ့ပြီး ပိုမိုစွန့်စားမလားဆိုသည့်အချက်များကို စဉ်းစားပြီး လုပ်ကိုင်ရမည်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်သည်နှင့်တစ်ပြိုင်နက် အာရုံစူးစိုက်ရသည်များ၊ ပင်ပန်းခက်ခဲခြင်းများ၊ လုပ်ရိုးလုပ်စဉ်လုပ်ငန်းနှင့်မတူညီသည်များ၊ ပတ်ဝန်းကျင်အသစ်၊ ဖောက်သည်အသစ်များနှင့်ရင်ဆိုင်ရသည်များကို ကြုံတွေ့ရမည်ဖြစ်သည်။ ထိုအချက်များကို ကျော်လွှားနိုင်သည်နှင့်တစ်ပြိုင်နက် အောင်မြင်သောလုပ်ငန်းတစ်ခုအဖြစ်ရောက်ရှိမည်ဖြစ်သည်။ ထို့ကြောင့် သက်သောင့်သက်သာဖြစ်နေသော၊ အောင်မြင်မှုနည်းသော၊ တိုးတက်မှုမရှိသောလုပ်ငန်းတစ်ခုမှ အောင်မြင်သော၊ အကျိုးအမြတ်များပြားသောလုပ်ငန်းတစ်ခုဖြစ်လိုပါက သက်သောင့်သက်သာဖြစ်နေသောအခြေအနေ Comfort Zone မှ ထွက်ပြီး လုပ်ငန်းသစ်တစ်ခုထူထောင်နိုင်ရန် လိုအပ်သည်။

**အကျိုးကျေးဇူးများ**

Comfort Zone မှထွက်ပါဟု တိုက်တွန်းနေသော်လည်း စွန့်စားရမည့်အချက် ကြီးမားခြင်းကြောင့် လက်ရှိရနေသော အကျိုးကျေးဇူးအနည်းငယ်ကို မစွန့်လွှတ်နိုင်ခြင်း၊ မစွန့်စားလိုခြင်း၊ ပင်ပန်းမှုဒဏ်အပြောင်းအလဲကြောင့် ကြုံရမည့်အခက်အခဲ၊ ပတ်ဝန်းကျင်အသစ်တွင် အစမှပြန်စရမည့်အခြေအနေများကြောင့် သက်သာသောအခြေအနေကို စွန့်လွှတ်ရန် ခက်ခဲတတ်သည်။

**❖အများစုသည် လက်ရှိအလုပ်၏ အခက်အခဲများကို ညည်းညူကြပြီး ပြောင်းလဲချင်ကြောင်းပြောကြသော်လည်း အမှန်တကယ် ပြောင်းလဲရန်၊ လက်ရှိအလုပ်ကိုရပ်ပြီး အခြားလုပ်ငန်းသစ်တစ်ခု ထူထောင်ရန်ပြောပါက မလုပ်လိုကြသည်ကို အများအပြားတွေ့ရနိုင်သည်။ လက်ရှိလုပ်ကိုင်နေသောအလုပ်တွင် အခက်အခဲများရှိသော်လည်း သက်သာသောအခြေအနေများ ရှိနေတတ်ကြသည်။ အထိုက်အလျောက် အကျိုးအမြတ်အနည်းငယ်ရနေတတ်ကြသည်။ ထိုအခြေအနေကိုစွန့်လွှတ်ပြီး လုပ်ငန်းသစ်တစ်ခုဆီသို့ ကူးပြောင်းရန် ခက်ခဲတတ်သည်။ ❖**

**ရည်မှန်းချက်အောင်မြင်မှုရယူနိုင်မည်**

ရည်မှန်းချက်ကိုအောင်မြင်ရန်အတွက် စွန့်စားမှုနှင့်အတူ သက်သောင့်သက်သာအခြေအနေကို ထားခဲ့နိုင်ရန်လိုအပ်သည်။ သင်လိုချင်သော ကြွယ်ဝချမ်းသာမှုနှင့် အောင်မြင်သောလုပ်ငန်းရှင်တစ်ဦးဖြစ်လာရန်မှာ လွယ်လွယ်ကူကူနှင့်မရနိုင်သည်ကို သင်သိပါသည်။ ရည်မှန်းချက်ကြီးကြီးထားရန် စဉ်းစားတတ်ကြသည်။ သို့သော် သင်သည် လက်ရှိလုပ်ကိုင်နေသောလုပ်ငန်းကိုစွန့်၍ အသစ်စတင်ခြင်း သို့မဟုတ်ဆန်းသစ်စွာတိုးချဲ့ခြင်းများကို ကောင်းစွာလုပ်နိုင်ပါသလား။ စီးပွားရေးသမားအများစုသည် စွန့်စားမှုများကိုလုပ်တတ်သော်လည်း စွန့်လွှတ်မှုကိုမူ လုပ်ရန်ခက်ခဲတတ်သည်။ ဖွံ့ဖြိုးတိုးတက်မှုနေရာသို့ ရောက်ရန်မှာ သက်သောင့်သက်သာရှိသော၊ အကျွမ်းတဝင်ရှိပြီးသော်လည်း ကြီးပွားတိုးတက်မှုနည်းပါးသောလက်ရှိနေရာကို စွန့်လွှတ်နိုင်ရန် လိုအပ်သည်။ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မှသာ ရည်မှန်းချက်ကို အောင်မြင်အောင် ရောက်ရှိနိုင်မည်ဖြစ်သည်။

**ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုများ တိုးတက်လာမည်**

ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုထားရန် လိုအပ်သည်။ ကိစ္စတစ်ခုပြီးပြတ်ခြင်းသည် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကိုတိုးတက်စေသည်။ ထို့ကြောင့် ရည်မှန်းချက်ကြီးဖြစ်သော Vision တစ်ခုကို ချမှတ်ထားပြီး အောင်မြင်အောင်ဆောင်ရွက်နေစဉ်တွင် လုပ်ငန်းငယ်လေးများ၊ ရည်မှန်းချက်ငယ်လေးများချမှတ်ပြီး အောင်မြင်အောင်ဆောင်ရွက်နိုင်ပါက ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုများလည်း တိုးတက်လာစေသည်။ အလုပ်ကိုကြိုးစားလုပ်ကိုင်ခြင်း၊ စိန်ခေါ်မှုများကို ရှောင်မပြေးဘဲ ရင်ဆိုင်ကျော်လွှားနိုင်အောင်ဆောင်ရွက်ခြင်းတို့သည် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကို တိုးတက်စေသည်။ ထိုသို့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတိုးတက်လာသည်နှင့်အမျှ Comfort Zone မှ ထွက်ရန် ပိုမိုလွယ်ကူလာစေမည်ဖြစ်သည်။ Comfort Zone မှထွက်နိုင်သည်နှင့်တစ်ပြိုင်နက် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကိုလည်း ပိုမိုရရှိလာစေသည်။

**မိမိကမ္ဘာကို ချဲ့လိုက်နိုင်ပါမည်**

အသေးစားလုပ်ငန်းများ၏ ရည်မှန်းချက်သည် အမြတ်အစွန်းတိုးတက်လာရမည်၊ ကြီးမားသောလုပ်ငန်းကိုချဲ့ထွင်နိုင်ရမည်ဟုဖြစ်နိုင်သည်။ သို့သော် မိမိကမ္ဘာထဲတွင်သာနေပြီး ပြင်ပကမ္ဘာကို မကြည့်မိသူများ၊ အသစ်အသစ်များကို သင်ယူနိုင်မှုမရှိသူများသည် လက်ရှိအခြေအနေကို ကျေနပ်နှစ်သက်နေသူများ၊ Comfort Zone ကို မစွန့်နိုင်သူများသာဖြစ်သည်။ အများစုသည် အသစ်အဆန်းများကို လက်ခံပြီး ပြုပြင်ရန်ခက်ခဲသည်။ နည်းပညာသစ်များကို သင်ယူရန်ခက်ခဲတတ်သည်။ ထိုသို့ လက်ရှိအတိုင်းကျေနပ်နေသူများသည် အောင်မြင်မှုနှင့်အလှမ်းဝေးနေမည်သာဖြစ်သည်။ ကြီးပွားတိုးတက်ရန်လည်း ခက်ခဲနေတတ်သည်။ နေ့စဉ်ကျင်လည်နေသောလုပ်ငန်းတစ်ခုတွင် လုပ်ကိုင်နေသည့်အခါ ဝင်ငွေနည်းပါးသော်လည်း အဆိုပါလုပ်ငန်းကို မပျော်ဘဲညည်းညူရင်းလုပ်ကိုင်နေတတ်ကြသည်။ လုပ်ငန်းအသစ်များဆီသို့ မလှမ်းရဲတတ်ပေ။ အပြောင်းအလဲလုပ်ရမည်များ တွေ့ကြုံသည့်တိုင်အောင် မအောင်မြင်သောလုပ်ငန်းကို မစွန့်လွှတ်နိုင်ဖြစ်နေကြသူကသာ အများစုဖြစ်သည်။

အဘယ်ကြောင့် မအောင်မြင်သောလုပ်ငန်းကို မစွန့်လွှတ်နိုင်သနည်းဟုဆိုရလျှင် အထိုက်အလျောက်ဝင်ငွေရရှိနေပြီး လုပ်ငန်းနှင့် ယဉ်ပါးကျွမ်းကျင်နေသဖြင့် နေ့စဉ်လုပ်ငန်းများသည် ဆန်းသစ်မှုလည်းမရှိဘဲ ခက်ခက်ခဲခဲ၊ စဉ်းစားတွေးခေါ်အကြံထုတ်လုပ်ကိုင်ရခြင်းမရှိသော အလုပ်မျိုးဖြစ်နေတတ်သည်။ လက်ဖက်ရည်အဖျော်ဆရာတစ်ဦးဘဝမှလက်ဖက်ရည်ဆိုင်ပေါင်းများစွာ ပိုင်ဆိုင်သူတစ်ဦးအဖြစ်သို့ရောက်သူ နည်းပါးမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော လက်ဖက်ရည်အဖျော်ဆရာအများစုသည် ကျွမ်းကျင်ရာလုပ်ငန်းတွင်သာ ပျော်မွေ့နေတတ်ကြပြီး ဆိုင်ပိုင်ရှင်တစ်ဦးဖြစ်ရန်အတွက် Comfort Zone ကိုဖြတ်၍ ဖွံ့ဖြိုးတိုးတက်မည့် Zone ထဲသို့ပြောင်း၍ စိန်ခေါ်မှုများ၊ အသစ်အသစ်သောပတ်ဝန်းကျင်များ၊ ဆက်ဆံရမှုများကို ရင်မဆိုင်လိုတတ်ကြပေ။ ထို့ကြောင့် ကြီးမားသောစီးပွားရေးအောင်မြင်မှုကိုရလိုလျှင် Comfort Zone ကိုဖြတ်ပြီး စိန်ခေါ်မှုများ၊ အသစ်အသစ်သောပတ်ဝန်းကျင်များနှင့်ထိတွေ့ပြီး အောင်မြင်မှုကိုရှာဖွေရမည်ဖြစ်သည်။ သေချာသည်မှာ Comfort Zone ကို ဖြတ်ထွက်လိုက်သည်နှင့် မိမိကမ္ဘာကို ချဲ့ထွင်ပြီးဖြစ်နေမည်။

**ခံနိုင်ရည်ရှိမှုများတိုးပွားလာမည်**

စိန်ခေါ်မှုကို ဦးစွာ ကိုယ့်ကိုယ်ကိုယ်တည်ဆောက်ရမည်ဖြစ်ပြီး မိမိလုပ်ငန်းကို မနေ့က မိမိလုပ်ငန်း၊ ယခင်နှစ်က မိမိလုပ်ငန်းနှင့်နှိုင်းယှဉ်ကြည့်ရမည်၊ အနာဂတ်ကို စိန်ခေါ် နိုင်ရမည်ဖြစ်သည်။ Comfort Zone က ထွက်လိုက်သည်နှင့်တစ်ပြိုင်နက် စိန်ခေါ်မှုများကို တွေ့ကြုံရမည်ဖြစ်သကဲ့သို့ ခံနိုင်ရည်ရှိမှုများလည်း တိုးပွားလာမည်ဖြစ်သည်။ အကြိမ်ကြိမ်ကြိုးစားရမှုများ၊ အောင်မြင်မှုကို မရရအောင်လုပ်ရသည်များကို တွေ့ကြုံလာရသည်နှင့်အမျှ၊ အတွေ့အကြုံသစ်များကို ရရှိလာသည်နှင့်အမျှ စိတ်ပိုင်းဆိုင်ရာခံနိုင်ရည်ရှိမှုများလည်း တိုးတက်လာမည်ဖြစ်သည်။ ထို့အတူ ယုံကြည်မှုတိုးပွားလာသည်နှင့်အမျှ မရှုံးအောင်ကိုင်တွယ်ထိန်းသိမ်းနိုင်လာမည်ဖြစ်သည်။ လုပ်ငန်းအကျိုးအမြတ်အတွက် အခြားသောအရာများကို ခံနိုင်ရည်ရှိလာမည်ဖြစ်သည်။

**Comfort Zone မှထွက်ရန် ခက်ခဲပါသလား**

အများစုသည် လက်ရှိအလုပ်၏ အခက်အခဲများကို ညည်းညူကြပြီး ပြောင်းလဲချင်ကြောင်းပြောကြသော်လည်း အမှန်တကယ်ပြောင်းလဲရန်၊ လက်ရှိအလုပ်ကိုရပ်ပြီး အခြားလုပ်ငန်းသစ်တစ်ခုထူထောင်ရန်ပြောပါက မလုပ်လိုကြသည်ကို အများအပြားတွေ့ရနိုင်သည်။ လက်ရှိလုပ်ကိုင်နေသောအလုပ်တွင် အခက်အခဲများရှိသော်လည်း သက်သာသောအခြေအနေများရှိနေတတ်ကြသည်။ အထိုက်အလျောက် အကျိုးအမြတ်အနည်းငယ် ရနေတတ်ကြသည်။ ထိုအခြေအနေကိုစွန့်လွှတ်ပြီး လုပ်ငန်းသစ်တစ်ခုဆီသို့ကူးပြောင်းရန် ခက်ခဲတတ်သည်။

ကျွန်တော်ကိုယ်တိုင် Project တစ်ခုကို လုပ်ကိုင်ဖူးသည်။ အိမ်တွင်းလက်ရက်ကန်းရက်သည့် ရွာလေးများရှိ အမျိုးသမီးများကို ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အထောက်အကူပေးသည့်လုပ်ငန်းတစ်ခုလုပ်ခြင်းဖြစ်သည်။ ထိုအစီအစဉ်တွင် လက်ရက်ကန်းကို စက်ရက်ကန်းသို့ပြောင်းလဲပေးမည်။ ကုန်ကြမ်းဖြစ်သောချည်မျှင်ကို အကြွေးချပေးမည်။။ ထွက်လာသောအထည်ကိုလည်း ပြန်ဝယ်ပေးမည်။ ရက်ကန်းစင်ကိုလည်း ထူထောင်ပေးပြီး အရစ်ကျသာပြန်ဆပ်ရမည် စသည့်အချက်များပါဝင်သည်။ တွက်ချက်ကြည့်ရာတွင်လည်းကောင်း၊ အခြားသူများ၏အတွေ့အကြုံအရသော်လည်းကောင်း ထိုအမျိုးသမီးများ ရက်လုပ်နေသော လက်ရက်ကန်းမှ ဝင်ငွေထက်များစွာသာသောဝင်ငွေကို ရရှိနိုင်မည်ဖြစ်သည်။ One Village One Product ပုံစံမျိုးဖြင့် ထွက်ကုန်အထည်များကိုလည်း ရွာထိပ်ရှိ လမ်းမကြီးတွင် ဆိုင်တစ်ဆိုင်ဖွင့်ပေးပြီး ရောင်းချနိုင်ရန်စီစဉ်ပေးမည် စသည့်အစီအစဉ်များကို ထည့်သွင်းပေးသည်။ ထို့နောက် စက်ရက်ကန်းပြောင်းလိုသူများကို စစ်တမ်းကောက်ကြည့်သည့်အခါ လူဦးရေ ၃၀၀ ကျော်တွင် ဆယ်ဂဏန်းပင် မရသည်ကို တွေ့ရသည်။ ၎င်းတို့အနေဖြင့် ယုံကြည်မှုမရှိခြင်းနှင့် အခြားလုပ်ငန်းတစ်ခုကို ပြောင်းလဲလုပ်ကိုင်ရန်အတွက်

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၇၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၇၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲကေ ၈၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၅၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မတ်ပဲကေ ၈၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၇၅၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ဝါကျွတ်ပွဲတော် တူနွဲပျော်

\- သီတင်းကျွတ် တူရာသီ
ဖြူပြာနီ ရောင်စုံလင်း၊
ကောင်းကင်ယံ ဖိုးရွှေလက
ဝင်းပထိန်အဆင်း။

\- ဆီမီးတွေ ထိန်ထိန်လင်း
သီတင်းကျွတ် အချိန်ခါ၊
ဗုဒ္ဓဂုဏ် ရည်မျှော်မှန်း
လှူဒါန်းကြကာ၊
ဆရာမိဘ ကန်တော့ရာ
ကုသိုလ်မှာ ပြုလုပ်ကြ၊
ပြည်မြန်မာ မိုးလေလွတ်
ထွတ်မြတ်ကာလ။

\- ရဟန်းသံဃာ ကံဆောင်ခြင်း
သိမ်တော်အတွင်း ကျင်းပသည်၊
ကျက်သရေ မင်္ဂလာတရား
ထွန်းကားလျက်တည်၊
အေးချမ်းသော မြန်မာပြည်
သီတင်းကျွတ်ပြီ မင်္ဂလာပွဲ၊
ရွှေဖူးစာ ဂဟေဆက်
လက်ထပ်ဆင်နွှဲ။ ။

**မောင်မျိုးချစ်(အညာမြေ)**

➤ **စာမျက်နှာ ၄ မှအဆက်**

Comfort Zone က မထွက်လိုခြင်းတို့က အဓိကဖြစ်မည်ထင်သည်။

**Comfort Zone က ဘယ်လိုထွက်မလဲ**

တစ်ခါတစ်ရံတွင် အခြေအနေတစ်ရပ်ကြောင့် မိမိလုပ်နေကျလုပ်ငန်းတစ်ခုကိုစွန့်၍ လုပ်ငန်းပြောင်းလဲရသည်များလည်းရှိတတ်သည်။ မည်သို့ပင်ဖြစ်စေ လက်ရှိလုပ်ကိုင်နေသောအခြေအနေသည် အားရစရာမရှိသည့်အခါမျိုးကြုံနေရသည့်အခါတွင် လက်ရှိ Comfort Zone တွင်ရှိသောအခြေအနေမှထွက်၍ အခြားသောပတ်ဝန်းကျင်အသစ်၊ ဘဝအသစ်၊ လုပ်ငန်းအသစ်တစ်ခုကို ထူထောင်မည်ဆိုပါက Comfort Zone က ထွက်နိုင်ရန်အတွက် အောက်ပါအချက်များကို ပြုလုပ်ပေးရန်လိုအပ်သည်။

- ရည်မှန်းချက်တစ်ခုကို တိတိကျကျချမှတ်ပါ။
- ရည်မှန်းချက်အောင်မြင်ရန် စီမံချက်များ သေချာရေးဆွဲပါ။
- စီမံချက်အတိုင်းဖြစ်အောင် ကြိုးစားလုပ်ကိုင်ပါ။

ထိုသို့ Comfort Zone မှ ထွက်နိုင်သည်နှင့် ကြုံရမည့်စိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ပြောင်းနိုင်သည်ထိ ဆောင်ရွက်ကြရမည်ဖြစ်သည်။ Comfort Zone တွင် နေစဉ်က မရှိသောစိန်ခေါ်မှုများကို ကြုံရမည်ဖြစ်သကဲ့သို့ အခွင့်အလမ်းကောင်းများကိုလည်း ပိုမိုတွေ့ကြုံလာရမည်ဖြစ်သည်။ သို့ဖြစ်၍ Comfort Zone အတွင်းမှ ထွက်၍ ပိုမိုကောင်းမွန်သော စီးပွားရေးတစ်ခုကို တည်ဆောက်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

**ကိုးကား**


- **Harvard Summer School Web Page's "Is It to Leave Your Comfort Zone? How Leaving Can Spark Positive Change."**


**မျိုးသူ(ကုန်သွယ်မြှင့်)**

### ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



### ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

# နိုင်ငံတကာ သတင်းများ

## ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်း၏ အဓိကတွန်းအား ဘရစ်အုပ်စုဖြစ်လာလိမ့်မည်ဟု သမ္မတပူတင်ပြော




**မော်စကို အောက်တိုဘာ ၁၉**

လာမည့်နှစ်များအတွင်း ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း၏ အဓိကတွန်းအားမှာ ဘရစ်အုပ်စု ဖြစ်လာလိမ့်မည်ဖြစ်ကြောင်းရုရှားသမ္မတပူတင်က အောက်တိုဘာ ၁၈ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဘရစ်အုပ်စု၏ အင်အားနှင့် အနောက်အုပ်စု ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အထိုက်အလျောက်ပိုမြန်ဆန်သည့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းတို့ကြောင့်လာမည့်နှစ်များအတွင်း ကမ္ဘာကြီး၏စီးပွားရေးဖွံ့ဖြိုးမှုနှုန်းအတွက် အဓိကတွန်းအားမှာ ဘရစ်အုပ်စုဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က သုံးသပ်ခဲ့သည်။

မော်စကိုမြို့၌ ကျင်းပခဲ့သည့် ဘရစ်အုပ်စုစီးပွားရေးဖိုရမ်တစ်ခုတွင် ရုရှားသမ္မတပူတင်က အဆိုပါအတိုင်း သုံးသပ်ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားသမ္မတ ပူတင်သည် အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်ထိ ရုရှားနိုင်ငံ ကာဇန်မြို့၌ ကျင်းပမည့် ဘရစ်အုပ်စု ထိပ်သီးညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားသည်။

ဘရစ်အုပ်စုသည် မူလက ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ် နှင့် တောင်အာဖရိကနိုင်ငံတို့က စတင်ဖွဲ့စည်းခဲ့သော အုပ်စုဖြစ်သည်။

နောက်ပိုင်းတွင် အီရန်၊ အီသီယိုးပီးယား၊ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၊ အီဂျစ်နှင့် ဆော်ဒီအာရေဗျတို့လည်း ဘရစ်အုပ်စု၌ အဖွဲ့ဝင်သစ်များအဖြစ် ပါဝင်လာကြကြောင်း သိရသည်။

Ref : RT
Trs : KKO

## အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏နေအိမ် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံခဲ့ရ

**ဂျေရုဆလင် အောက်တိုဘာ ၁၉**

မြေထဲပင်လယ်ကမ်းရိုးတန်း ဆီဆာရီနာမြို့ရှိအစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏နေအိမ်ကို လက်ဘနွန်နိုင်ငံဘက်မှ ယနေ့တွင် စေလွှတ်ခဲ့သော မောင်းသူမဲ့လေယာဉ်တင်စင်းက တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဂါဇာတောင်ပိုင်း၌ ပြုလုပ်ခဲ့သည့် အစ္စရေးတပ်မတော်မြေပြင်စစ်ဆင်ရေး တစ်ခုအတွင်း ဟားမတ်စ် အုပ်စုခေါင်းဆောင် ယာယာစင်ဝါသေဆုံးခဲ့ပြီးနောက် အစ္စရေးဝန်ကြီးချုပ်၏ နေအိမ် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် အဆိုပါနေအိမ်၌ ဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုနှင့်ဇနီးဖြစ်သူတို့ရှိမနေခဲ့ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် လက်ဘနွန်နိုင်ငံဘက်မှ လက်နက်ကိုင်အုပ်စုများသည် ယနေ့နံနက်ပိုင်းတွင် အစ္စရေးမြောက်ပိုင်းဒေသများကို ဒုံးကျည် ၅၅ စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်တောင်ပိုင်း၌ အစ္စရေးတပ်များက အောက်တိုဘာ ၁၆ ရက်တွင် မြေပြင်စစ်ဆင်ရေးပြုလုပ်နေစဉ် ဟားမတ်စ် ခေါင်းဆောင် ယာယာစင်ဝါ သေဆုံးခဲ့ရသည်။

အသက် ၆၂ နှစ်ရှိ ယာယာစင်ဝါကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုများအား ကြိုးကိုင်ခဲ့သူအဖြစ် အစ္စရေးတပ်မတော်က မှတ်ယူထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ပီအယ်လ်အေဒုံးကျည်တပ်ဖွဲ့ကို တရုတ်သမ္မတရှီကျင့်ဖျင် သွားရောက်စစ်ဆေး



**ပေကျင်း အောက်တိုဘာ ၁၉**

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)၏ မဟာဗျူဟာဒုံးကျည်တပ်ဖွဲ့ တပ်မဟာတစ်ခုကို သမ္မတရှီကျင့်ဖျင် သွားရောက်စစ်ဆေးခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ပီအယ်လ်အေမဟာဗျူဟာဒုံးကျည်တပ်ဖွဲ့တပ်မဟာကို တရုတ်သမ္မတရှီကျင့်ဖျင်က အောက်တိုဘာ ၁၇ ရက်တွင်သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

တရုတ် ဒုံးကျည်တပ်များအနေဖြင့် မဟာဗျူဟာမြောက်စစ်ရေးအရံအတားအဖြစ် ရပ်တည်နိုင်စွမ်းနှင့် တိုက်ပွဲဝင်စွမ်းပကားတို့ကို မြှင့်တင်ရေးအတွက် ကြိုးပမ်းကြရန် ဒုံးကျည်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံစဉ် တရုတ်သမ္မတရှီကျင့်ဖျင်က တိုက်တွန်းခဲ့သည်။

ထို့ပြင် မဟာဗျူဟာမြောက်ဒုံးကျည်တပ်ဖွဲ့များ အနေဖြင့် ကွန်မြူနစ်ပါတီနှင့် ပြည်သူတို့က အပ်နှင်းထားသည့် တာဝန်များကို အပြည့်အဝ ထမ်းဆောင်ကြရန်လည်း သမ္မတရှီကျင့်ဖျင်က တိုက်တွန်းခဲ့ကြောင်း သိရသည်။

ပီအယ်လ်အေ မဟာဗျူဟာဒုံးကျည်တပ်ဖွဲ့သည် သမားရိုးကျဒုံးကျည်လက်နက်များနှင့် နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်လက်နက်များကို ကြီးကြပ်ရသောတပ်ဖွဲ့ဖြစ်သည်။

ပီအယ်လ်အေ မဟာဗျူဟာဒုံးကျည်တပ်ဖွဲ့သည် ပြီးခဲ့သည့်လက တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## (၅၈)ကြိမ်မြောက် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှု ယူအေအီးကြားဝင်မှုဖြင့် ရုရှားနှင့်ယူကရိန်းပြုလုပ်

**မော်စကို အောက်တိုဘာ ၁၉**

ယူကရိန်းစစ်ပွဲ စတင်ပြီးနောက်ပိုင်း (၅၈) ကြိမ်မြောက်အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုကို ရုရှားနှင့် ယူကရိန်းနိုင်ငံတို့က အောက်တိုဘာ ၁၈ ရက်တွင် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အောက်တိုဘာ ၁၈ရက် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုတွင် ရုရှားအကျဉ်းသား ၉၅ ဦးနှင့် ယူကရိန်းအကျဉ်းသား ၉၅ ဦးတို့ ပြန်လည် လွတ်မြောက်လာခဲ့ကြသည်ဟု ရုရှားမီဒီယာများက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

အောက်တိုဘာ၁၈ရက် အကျဉ်းသားချင်းလဲလှယ်မှုကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူများကလည်း အတည်ပြုထားပြီး လွတ်မြောက်လာသူများအနေဖြင့် ဘီလာရုစ်နိုင်ငံ၌ ကျန်းမာရေးစစ်ဆေးမှု ခံယူနေသည်ဟု ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် အဆိုပါအကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုကို အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) နိုင်ငံ၏ကြားဝင်မှုဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရုရှားနှင့် ယူကရိန်းတို့သည် ယူကရိန်းစစ်ပွဲစတင်ခဲ့သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ လက်ရှိအချိန်ထိ အကျဉ်းသားချင်းအပြန်အလှန်လဲလှယ်မှု (၅၈) ကြိမ်ထိ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ယင်းအကျဉ်းသားချင်းအပြန်အလှန်လဲလှယ်မှုများအတွင်းရုရှားနှင့် ယူကရိန်းအကျဉ်းသား စုစုပေါင်း ၃၇၆၇ ဦးထိ ပြန်လည်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## အိုင်မက်စ်-၂၀၂၄ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု အိန္ဒိယသမုဒ္ဒရာ၌ အိမ်ရှင်အဖြစ် အီရန်လက်ခံကျင်းပ



**တီဟီရန် အောက်တိုဘာ ၁၉**

ရုရှားရေတပ်နှင့် အိုမန်ရေတပ်တို့မှ စစ်သင်္ဘောများ ပါဝင်မည့် ပူးတွဲရေတပ် စစ်ရေးလေ့ကျင့်မှုတစ်ခုကို အီရန်နိုင်ငံက ယနေ့တွင် အိန္ဒိယသမုဒ္ဒရာဒေသ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပနေကြောင်း သိရသည်။

အဆိုပါ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု၌ အခြားနိုင်ငံပေါင်းကိုးနိုင်ငံတို့မှ ရေတပ်တာဝန်ရှိသူများလည်း လေ့လာသူအဖြစ်ပါဝင်နေကြောင်း အီရန်ပြည်တွင်းမီဒီယာများကသတင်းထုတ်ပြန်ထားသည်။

ဒေသတွင်း လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက်ရည်ရွယ်၍ အိုင်မက်စ်-၂၀၂၄အမည်ရှိအဆိုပါပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်နေခြင်းဖြစ်ကြောင်း အီရန်မီဒီယာများ၏အဆိုအရ သိရသည်။

အိုင်မက်စ်-၂၀၂၄ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်သည့် စစ်သင်္ဘောများအနေဖြင့် နိုင်ငံတကာကုန်သွယ်ရေကြောင်းလမ်းများလုံခြုံရေးအတွက် နည်းဗျူဟာမြောက်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။


ဂါဇာကမ်းမြောင် စစ်ပွဲကိုအကြောင်းပြု၍ အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးတင်းမာမှုများမြင့်တက်နေချိန်တွင် အီရန်နိုင်ငံက အိုင်မက်စ်-၂၀၂၄ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အီရန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်နိုင်ငံ၊ အစ္စရေးတို့နှင့် ဆက်ဆံရေးတင်းမာနေသော အီရန်နိုင်ငံသည် တရုတ်၊ ရုရှားတို့နှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## အင်္ဂါဂြိုဟ်မျက်နှာပြင်ရေခဲလွှာများအောက်တွင် သက်ရှိများခိုအောင်းရှင်သန်နိုင်ဖွယ်ရှိ



**ဝါရှင်တန် အောက်တိုဘာ ၁၉**

အင်္ဂါဂြိုဟ်မျက်နှာပြင် ရေခဲလွှာများအောက်တွင် သက်ရှိများ ခိုအောင်းရှင်သန်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားသည်။

အင်္ဂါဂြိုဟ်၏ ရေးဟောင်းရေခဲလွှာများသည် အဏုဇီဝသက်ရှိရုပ်များကို အာကာသဖြာထွက်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ပေးထားနိုင်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် အင်္ဂါဂြိုဟ်ရေခဲလွှာများသည် နေရောင်ခြည်ကို စုပ်ယူနိုင်သည့် ရေခဲလွှာအမျိုးအစားဖြစ်ဖွယ်ရှိရာ သက်ရှိရုပ်များအနေဖြင့် အလင်းဖြင့်စွမ်းအင်ချက်လုပ်မှု(Photosynthesis) ပြုလုပ်နိုင်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်မျက်နှာပြင် ရေခဲလွှာသည် ဖုန်မှုန့်များရောပါနေသည့် ဆီးနှင်းများကျရောက်မှုကြောင့် ဖြစ်ပေါ်လာရဖွယ်ရှိရာ နေရောင်ခြည်ကို စုပ်ယူနိုင်သကဲ့သို့ ၎င်းရေခဲပြင်အောက်၌ ရေခဲတတ်မှာ အရည်ပုံစံဖြင့် ရှိနေနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များ၏ကွန်ပျူတာစံပြပုံစံ ဖန်တီးလေ့လာမှုများအရ သိရသည်။

Cryoconite Hole ဟု ခေါ်သည့် အထက်ပါရေခဲလွှာနေရာမျိုးကို ကမ္ဘာပေါ်တွင်လည်း အန္တာတိကဒေသ၊ ဂရင်းလန်ဒေသ စသည့်နေရာများတွင် တွေ့နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာပေါ်ရှိ Cryoconite Hole များတွင် ရေညှိ၊ မှို၊ ဗက်တီးရီးယား စသည့် အဏုဇီဝသက်ရှိများ ရှင်သန်နိုင်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## အချိန်ကြာမြင့်စွာ မတ်တတ်ရပ်နေရမှုက နှလုံးကျန်းမာရေးကို အထောက်အကူမပြုနိုင်

**ကင်ဘာရာ အောက်တိုဘာ ၁၉**

အချိန်ကာလ ကြာမြင့်စွာ မတ်တတ်ရပ်နေမှုသည် နှလုံးကျန်းမာရေးကို အထောက်အကူမပြုနိုင်သည့်အပြင် ခြေထောက်သွေးကြောများ သွေးခဲပိတ်ဆို့မှုပြဿနာ (Deep Vein Thrombo-sis) ပင် ပေါ်လာနိုင်ကြောင်း အောက်တိုဘာ ၁၈ ရက်သတင်းများအရ သိရသည်။

နေ့စဉ် အထိုင်များလွန်းပါက ကိုယ်အလေးချိန်မြင့်တက်လာမှု၊ ပုံစံ-၂ ဆီးချို၊ ကင်ဆာ စသည့် ကျန်းမာရေးပြဿနာများ ပေါ်ထွက်လာနိုင်ခြေ မြင့်မားလာတတ်သည်ဟု ဆေးပညာရှင်များက ဖော်ထုတ် တင်ပြခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဩစတြေးလျ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မတ်တတ်ရပ်ချိန်လွန်ကဲပါကလည်း နှလုံးသွေးကြောများ ကျန်းမာရေးအတွက် အကျိုးမရှိကြောင်း သိရသည်။

ဩစတြေးလျ သုတေသနပညာရှင်များသည် လူပေါင်း ၈၀၀၀ ကျော်တို့၏နေ့စဉ်လှုပ်ရှားမှုပုံစံများကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ရာ နေ့စဉ်မတ်တတ်ရပ်ချိန် နှစ်နာရီထိရှိသူများတွင် နှလုံးကျန်းမာရေးအခြေအနေ ထူးထူးခြားခြားတိုးတက်လာမှုမရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

ထို့ပြင် နေ့စဉ်မတ်တတ်ရပ်ချိန် နှစ်နာရီတွင် နာရီဝက်ထပ်ပြီး တိုးလာတိုင်း ခြေထောက်သွေးကြောများ သွေးခဲပိတ်ဆို့မှုပြဿနာပေါ်လာနိုင်ခြေ ၁၁ ရာခိုင်နှုန်း မြင့်တက်လာနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

## ဥရောပအာကာသအေဂျင်စီက ရမ်မဆေးဂြိုဟ်သိမ်လေ့လာရေးအာကာသယာဉ်တည်ဆောက်ရေး အီတလီအာကာသစက်မှုလုပ်ငန်းကုမ္ပဏီတစ်ခုနှင့် သဘောတူညီချက်လက်မှတ်ရေးထိုး

**ပဲရစ် အောက်တိုဘာ ၁၉**

ဥရောပအာကာသအေဂျင်စီသည် ရမ်မဆေး(Ramses) အမည်ရှိ ဂြိုဟ်သိမ်လေ့လာရေး အာကာသယာဉ် တည်ဆောက်ရေးအတွက် အိုဟီအိတ်ချ် အီတလီယာအမည်ရှိအီတလီအာကာသစက်မှုလုပ်ငန်းကုမ္ပဏီတစ်ခုနှင့် သဘောတူညီချက်လက်မှတ် ရေးထိုးထားကြောင်း အောက်တိုဘာ ၁၈ ရက်သတင်းများအရ သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် ၂၀၂၉ ခုနှစ်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည့် အပိုးဖစ်အမည်ရှိ ဂြိုဟ်သိမ်ကို ရမ်မဆေး အာကာသယာဉ်ဖြင့် လေ့လာရန် စီစဉ်ထားသည်။

အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီ ၁၃ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

ထိုသို့ ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်နေချိန်တွင် ၎င်းဂြိုဟ်သိမ်နှင့်အတူ ယှဉ်တွဲလိုက်ပါပျံသန်း၍ လေ့လာရေးအတွက် ဥရောပအာကာသအေဂျင်စီအနေဖြင့် ရမ်မဆေးအာကာသယာဉ်ကို ၂၀၂၈ ခုနှစ် အစောပိုင်းတွင် လွှတ်တင်ထားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။



အရွယ်အစားအားဖြင့် အချင်း ပေ ၁၂၃၀ ထိရှိသော အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီ ၁၃ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၂၀၀၀၀ ခန့်အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကမ္ဘာကို အနီးကပ် ဖြတ်ကျော်ပျံသန်းနေစဉ် အပိုးဖစ်ဂြိုဟ်သိမ်ကို သာမန်မျက်စိနှင့်ပင် မြင်တွေ့နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

## အမျိုးသားများ မက်ဖော်မင်ဆေးသုံးစွဲရမှုကြောင့် မွေးဖွားလာသည့်ကလေးများတွင် ကိုယ်အင်္ဂါချို့ယွင်းမှု ဖြစ်နိုင်ခြေတို့ ဆက်စပ်မှုမျိုးမတွေ့ရှိ

**အော့စလို အောက်တိုဘာ ၁၉**

အမျိုးသားများ မက်ဖော်မင်ဆေး (Metformin) သုံးစွဲရမှုကြောင့် မွေးဖွားလာသည့်ကလေးများတွင် မွေးရာပါကိုယ်အင်္ဂါချို့ယွင်းမှုဖြစ်နိုင်ခြေတို့ ဆက်စပ်မှုမျိုးမတွေ့ရှိကြောင်း အောက်တိုဘာ ၁၈ ရက်သတင်းများအရ သိရသည်။

မက်ဖော်မင်ဆေးကြောင့် အမျိုးသားများ၏ သုက်ပိုးကောင်များ အရည်အသွေးပျက်စီး၍ မွေးဖွားလာသည့် ကလေးများ၌ မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းမှုများ ရှိလာနိုင်သည်ဟူသော စိုးရိမ်မှုများ ယခင်က ရှိခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် နော်ဝေနိုင်ငံ အော့စလိုတက္ကသိုလ်မှသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အမျိုးသားများ မက်ဖော်မင်သုံးစွဲရမှုနှင့် မွေးဖွားလာသည့် ကလေးများ၌ မွေးရာပါကိုယ်အင်္ဂါချို့ယွင်းမှု ဖြစ်နိုင်ခြေတို့ကြား သိသာထင်ရှားသည့် ဆက်စပ်မှုမျိုး မတွေ့ရကြောင်း သိရသည်။

နော်ဝေ သုတေသနပညာရှင်များသည် ကိုယ်ဝန်ဆောင်သုံးသန်းကျော်တို့ကို အချိန်ယူလေ့လာခဲ့ပြီးနောက် အမျိုးသားများ မက်ဖော်မင်သုံးစွဲမှုနှင့် မွေးဖွားလာသည့် ကလေးများ မွေးရာပါကိုယ်အင်္ဂါချို့ယွင်းမှုတို့ကြား ဆက်စပ်မှုမရှိသည်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် အောက်တိုဘာ ၁၈ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ်များကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၄ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်သွားသည့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု အစင်း ၂၀ ကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၈ ရက်တွင် လွှတ်တင်ခဲ့သည့် စတားလင့်ခ်ဂြိုဟ်တုအစင်း ၂၀ အနက် ၁၃ စင်းမှာ မိုဘိုင်းလ်ဖုန်းများကို အင်တာနက်ဝန်ဆောင်မှု တိုက်ရိုက်ပေးနိုင်သော ဂြိုဟ်တုများဖြစ်ကြကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း လက်ရှိအချိန်ထိ ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင် ၉၆ ခု လွှတ်တင်ခဲ့ရာ သုံးပုံနှစ်ပုံမှာ စတားလင့်ခ်ဂြိုဟ်တု လွှတ်တင်ရေးမစ်ရှင်များဖြစ်ကြသည်။

Space-X ကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တုအစင်း ၇၀၀၀ ကျော် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# အင်တာမီယာမီနှင့် သက်တမ်းတိုးရန် ဆွေးနွေးနေဟု တိုက်စစ်မှူး ဆွာရက်စ်ပြောကြား

**ဝါရှင်တန် အောက်တိုဘာ ၁၉**

အင်တာမီယာမီ အသင်းတွင် ခြေစွမ်းပြ ကစားနေသည့် တိုက်စစ်မှူးဆွာရက်စ်က အသင်းနှင့် တစ်နှစ်စာချုပ်သာ ချုပ်ဆိုထားသဖြင့် သက်တမ်းတိုးရန် ဆက်လက် ဆွေးနွေးမှုပြုလုပ်နေကြောင်း အတည်ပြုပြောကြားခဲ့သည်။

တိုက်စစ်မှူး ဆွာရက်စ်သည် အင်တာမီယာမီ အသင်းနှင့် လာမည့် ဒီဇင်ဘာ ၂၂ ရက်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၃၃ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၂၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ထိ ပြုလုပ် ခြေစွမ်းပြသနိုင်ခဲ့ကာ အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၁၈ ဂိုးထိသွင်းယူ၍ သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် တတိယနေရာ၌ ရပ်တည်နိုင်ခဲ့သောကြောင့် နည်းပြ မာရီတီနိုက သက်တမ်းတိုးရန် ထပ်မံကြိုးပမ်းခဲ့ကြောင်း သိရသည်။

ဆွာရက်စ်သည် မေဂျာလိဂ်သို့ စတင်ရောက်ရှိစဉ်က ဒူးဒဏ်ရာ ပြဿနာကြောင့် ကြံ့ခိုင်မှုပြည့်ဝရန် ရုန်းကန်နေရသဖြင့် အင်တာမီယာမီအသင်းနှင့် အမြန်ဆုံး လမ်းခွဲရန် စီစဉ်ခဲ့သော်လည်း ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာချိန်တွင် အသင်းအတွက် အကောင်းဆုံးပါဝင်နိုင်ခဲ့ပြီး အသင်းအတွက် ဆုဖလားတစ်လုံးရရှိအောင် ကူညီပေးခဲ့သည့်အပြင် အမှတ်ပေးပြိုင်ပွဲတွင်လည်း အသင်းကို အမှတ်ပေးဖယားထိပ်သို့ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

လက်ရှိတွင် ဆွာရက်စ်သည် အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၁၈ ဂိုးထိ သွင်းယူထားသဖြင့် ဂိုးသွင်းအများဆုံး MVP ဆုရရှိရန် ရေပန်းစားနေပြီး တိုက်စစ်မှူး ဘန်တီကီ ၂၃ ဂိုး၊ ဟာနန်ဒက်စ် ၁၉ ဂိုး၊ ဘူအာနာ ၁၉ ဂိုးတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : ML




## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းသည် ယူအီးအက်ဖ်အေက ချမှတ်ထားသည့် ဝင်ငွေထွက်ငွေစည်းမျဉ်း ချိုးဖောက်ခဲ့မှုကြောင့် ဒဏ်ငွေ စတာလင်ပေါင် ၅၀၀၀၀၀ ပြစ်ဒဏ်ချမှတ်ခံရသဖြင့် အသင်းတာဝန်ရှိသူများက ပြစ်ဒဏ်လျှော့ပေါ့ရန် အားကစားဆိုင်ရာခုံသမာဓိရုံးသို့ ဒုတိယအကြိမ် အယူခံတင်သွင်းခဲ့ကြောင်း သိရသည်။
- မန်စီးတီးအသင်းက အိုင်ယာလန်ကလပ် စိန့်ပက်ထရစ်အသင်းမှ အသက် ၁၆ နှစ်ရှိ လူငယ်တိုက်စစ်ကစားသမား နွန်နန်းကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်း တိုက်စစ်မှူး အန်ကူကူက အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရပါက လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာနိုင်ဖွယ်ရှိသည်ဟု အရိပ်အမြွက် ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

ML

# MFF Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်ကစား



**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Royal–D U–19 Futsal Championship 2024 ပြိုင်ပွဲ၏ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို ယနေ့နံနက် ၁၀ နာရီမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

MFF Royal–D U–19 Futsal Championship 2024 ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် ယနေ့နံနက် ၁၀ နာရီက King Cobra FC အသင်းနှင့် Yangon Futsal အသင်းတို့ ကစားခဲ့ရာ Yangon Futsal အသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက Red Eagle FC အသင်းနှင့် Generations Youth အသင်းတို့ကစားခဲ့ရာ Generations Youth အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီက Insein City FC အသင်းနှင့် Naka United အသင်းတို့ ကစားခဲ့ရာ Naka United အသင်းက ပင်နယ်တီအဆုံးအဖြတ် ငါးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် YCDC Marga FC အသင်းနှင့် Mahar United FC အသင်းတို့ကစားခဲ့ရာYCDC Marga FC အသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး MFF Royal–D U–19 Futsal Championship 2024 ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် Shadows FC အသင်းနှင့် D. Aung Paing FC အသင်း၊ နံနက် ၁၁ နာရီခွဲတွင် Hinthar FC အသင်းနှင့် 16/1 Youth အသင်း၊ မွန်းလွဲ ၁ နာရီတွင် Golden Heart FC အသင်းနှင့် Gold Dream FC အသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် Bushido Youth အသင်းနှင့် The Underdog FC အသင်းတို့ ကစားသွားမည်ဖြစ်သည်။

MFF Royal–D U–19 Futsal Championship 2024 ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲများကို MFF Futsal Official Youtube နှင့် T–Creation Youtube Channel များမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမားဘေနာကို စာချုပ်ဖျက်သိမ်းကြေးဖြင့် ခေါ်ယူရန်ကြိုးပမ်း

**ဘာစီလိုနာ အောက်တိုဘာ ၁၉**

ဘာစီလိုနာ အသင်းသည် ဗီလာရီးရဲလ်အသင်း ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ဘေနာကို စာချုပ်ဖျက်သိမ်းကြေး ယူရို သန်း ၆၀ ဖြင့် ခေါ်ယူရန် ပစ်မှတ်ထား ကြိုးပမ်းနေကြောင်း သိရသည်။

ကွင်းလယ် ကစားသမား ဘေနာသည် ပြီးခဲ့သည့် နိုင်ငံတကာပြိုင်ပွဲကာလအတွင်း စပိန်အသင်းနှင့် ဆားဘီးယားအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် စပိန်အသင်းအတွက် အလွတ်တည်ဘောမှ ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ရက်သတ္တပတ်အတွင်း အကောင်းဆုံး သွင်းဂိုးများတွင် ပါဝင်ခဲ့ကာ ပရိသတ်များ၏ ထောက်ခံမှုကို ပိုမိုရရှိခဲ့သည့်အပြင် ဗီလာရီးရဲလ်အသင်းနှင့်လည်း ပြိုင်ပွဲစုံတွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ထိ ပြုလုပ်ခြေစွမ်း ပြသနိုင်ခဲ့သောကြောင့် ဘာစီလိုနာ အသင်းအနေဖြင့် စာချုပ်ဖျက်သိမ်းကြေးဖြင့် ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဘေနာသည်ပြောင်းရွှေ့ကြေးမြင့်မားသည့် ကစားသမားတစ်ဦးမဟုတ်သော်လည်း ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက ထိပ်သီးကလပ်အသင်းများက ကမ်းလှမ်းမှုမလုပ်ခဲ့သဖြင့် အသင်းနှင့် ဆက်လက်လက်တွဲခဲ့ပြီး ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေကြောင်း သိရသည်။

နွေရာသီ အပြောင်းအရွှေ့က ဘေနာကို အေတီကိုအသင်းက ခေါ်ယူလိုသော်လည်း ဘဏ္ဍာရေးအခက်အခဲကြောင့် ကမ်းလှမ်းမှု မလုပ်နိုင်သော်လည်း ပရီးမီးယားလိဂ်အသင်းငယ်များက အဆိုပါ ပြောင်းရွှေ့ကြေးကို ပေးချေရန် ဆန္ဒရှိခဲ့ပြီး တရားဝင်ကမ်းလှမ်းခဲ့ရာ ကစားသမားကိုယ်တိုင်က ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် လာလီဂါထိပ်သီးကလပ် ဘာစီလိုနာအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေပြီး တရားဝင် ကမ်းလှမ်းလာပါက ဘေနာအနေဖြင့် ကစားသမားဘဝ တစ်ဆင့်မြင့်တင်နိုင်မည့် အသင်းသို့ ပြောင်းရွှေ့ခွင့်ရမည့် အခွင့်အရေးကို လက်လွှတ်ခံမည်မဟုတ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# နော့တင်ဟမ်အသင်းပိုင်ရှင် မာရီနာကစ် ပွဲကြည့်ခွင့် ငါးပွဲပိတ်ပင်ခံရ

**လန်ဒန် အောက်တိုဘာ ၁၉**

ပြီးခဲ့သည့် စက်တင်ဘာ ၂၈ ရက်ကကစားခဲ့သည့် နော့တင်ဟမ်အသင်းက ဖူလ်ဟမ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် အမှတ်ပေးပွဲစဉ်အပြီး ဥမင်လိုဏ်အတွင်း ဝင်ရောက်ချိန်တွင် နော့တင်ဟမ်အသင်းပိုင်ရှင် မာရီနာကစ်သည် မသင့်လျော်သည့် အပြုအမူ ပြုလုပ်ခဲ့သောကြောင့် အက်ဖ်အေက စွဲချက်တင်ခဲ့ပြီး ပွဲကြည့်ခွင့် ငါးပွဲပိတ်ပင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်အပြီး ပွဲသိမ်းခရာမှုတ်ပြီးချိန်တွင် နော့တင်ဟမ်အသင်းပိုင်ရှင် မာရီနာကစ်သည် ဥမင်လိုဏ် ဧရိယာဝန်းကျင်တွင် ရိုင်းပျသည့်အမူအရာ ပြုလုပ်ခဲ့သောကြောင့် အက်ဖ်အေက စွဲချက်တင်ခဲ့ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်က စစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားခဲ့သောကြောင့် ပွဲကြည့်ခွင့် ငါးပွဲပိတ်ခံခဲ့ရသည်။

ထို့ပြင် နော့တင်ဟမ်အသင်း နည်းပြ ဆန်းတို့စ်သည်လည်း စက်တင်ဘာလအတွင်းက ဘရိုက်တန်အသင်းကို နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် မသင့်လျော်သည့်အပြုအမူ လုပ်ခဲ့သောကြောင့် ဒဏ်ငွေ စတာလင်ပေါင် ၅၅၀၀၀ နှင့် ပွဲကြီးကြပ်ခွင့် သုံးပွဲပိတ်ပင်ခံခဲ့ရပြီး အဆိုပါ ပြစ်ဒဏ်ကို မာရီနာကစ်အား ချမှတ်ခဲ့သည့်နေ့မှာပင် တစ်ပြိုင်တည်း ချမှတ်ခဲ့ကြောင်း သိရသည်။

အက်ဖ်အေအနေဖြင့် အဆိုပါပွဲစဉ်တွင် ကွင်းလယ်ဒိုင်များကို စောဒကတက်ခဲ့သည့် နော့တင်ဟမ် ကွင်းလယ်ကစားသမား ဂစ်ဗိုက်ကို စတာလင်ပေါင် ၂၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့သည့်အပြင် ဘရိုက်တန်အသင်း နည်းပြ ဟာဇီလာကိုလည်း မသင့်လျော်သည့်အပြုအမူ ပြုလုပ်ခဲ့ခြင်းကြောင့် ဒဏ်ငွေ စတာလင်ပေါင် ၈၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့သည်။



နော့တင်ဟမ် အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက VAR ဒိုင်လူကြီးကို အသင်းပိုင်ဝက်ဘ်ဆိုက်မှ တရားဝင်ဝေဖန်မှုကြောင့် အောက်တိုဘာလ အစောပိုင်းကလည်း ဒဏ်ငွေ စတာလင်ပေါင် ၇၅၀၀၀၀ ပြစ်ဒဏ်ချမှတ်ခံခဲ့ရကြောင်း သိရသည်။

Ref : ESPN

Trs : ML

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် ရန်ကုန်ယူနိုက်တက်အသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ အနိုင်ရရှိ



**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) အဖြစ် ယနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ အနိုင်ရရှိခဲ့ကြောင်း သိရသည်။

နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံပေါ်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ကိုးမိနစ်တွင် ရန်ကျော်ထွေး၊ ပွဲချိန် ၄၁ မိနစ်တွင် ဒေးဗစ်ထန်း၊ ပွဲချိန် ၆၁ မိနစ်တွင် ရန်နိုင်ဦး၊ ပွဲချိန် ၇၆ မိနစ်တွင် ကောင်းစည်သူနှင့် ပွဲချိန် ၈၂ မိနစ်တွင် အီစိုးတို့က သွင်းယူပေးနိုင်ခဲ့ပြီး ဒဂုံပေါ်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် Mogou က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၃ မိနစ်တွင် မက်ခ်ကာဆီနှင့် ပွဲချိန် ၈၃ မိနစ်တွင် ရဲရင့်အောင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် ဟံသာဝတီယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၂၀ နှင့် ၅၈ မိနစ်တို့တွင် စိုးကျော်ကျော်၊ ပွဲချိန် ၃၅ မိနစ်တွင်သန့်ဇိုးအောင်တို့က သွင်းယူပေးခဲ့ပြီး မဟာယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၄၀ နှင့် ၄၈ မိနစ်တို့တွင် ကောင်းမြတ်သူတို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# Stockholm Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဝေါရင်ခါတက်ရောက်

**စတော့ဟုမ်း အောက်တိုဘာ ၁၉**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင်ကျင်းပနေသည့် Stockholm Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆွစ်ဇာလန်တင်းနစ်ကစားသမား ဝေါရင်ခါနှင့် ရုရှားတင်းနစ်ကစားသမား ရူဘလက်ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဝေါရင်ခါက (၇-၆၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဝါရင့် တင်းနစ်ကစားသမားကြီးဝေါရင်ခါအတွက် ယခုနှစ်အတွင်း ကမ္ဘာ့အဆင့်(၁၀)အတွင်း ရပ်တည်နေသည့် ပြိုင်ဘက်အား ပထမဆုံးအကြိမ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဝေါရင်ခါအနေဖြင့် အနိုင်ရရှိခဲ့သော်လည်း ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရခြင်းဖြစ်ပြီး ပွဲငယ်နှစ်ပွဲစလုံးအား tie-break အဆင့်ထိ ယှဉ်ပြိုင်ကစားခဲ့ရသည်။

ဝေါရင်ခါသည် လူငယ်ကစားသမား ရူဘလက်ဖ်အား ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီးနောက် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန် တင်းနစ်ကစားသမား တွမ်မီပေါလ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး Stockholm Open တင်းနစ်ပြိုင်ပွဲသက်တမ်းတစ်လျှောက် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အသက်အကြီးဆုံး တတိယမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသက် ၃၉ နှစ်အရွယ် ဝေါရင်ခါက “အသက်အရွယ်ကတော့ ပြောင်းလဲလို့မရတော့ဘူး။ ဒါပေမဲ့လဲ အရေးကြီးဆုံးကတော့ တင်းနစ်ကွင်းထဲရောက်လာတဲ့အချိန်မှာ အကောင်းဆုံးလုပ်ပြနိုင်ဖို့ပါပဲ။ အသက်အရွယ်ကိုမေ့ထားပြီးတော့ ရင်ဆိုင်ရတဲ့ တိုက်ပွဲမှာ အကောင်းဆုံးလုပ်ပြနိုင်ဖို့ပဲ ကျွန်တော်စိတ်ဝင်စားတယ်။ ကွင်းထဲဝင်တာနဲ့ အသက်အရွယ်ကို မေ့ထားပြီး အကောင်းဆုံးလုပ်နိုင်ဖို့ပဲ အာရုံစိုက်ခဲ့တယ်။ ဒါကြောင့်လဲပါရမီရှင် လူငယ်ကစားသမားကို ကျွန်တော်အနိုင်ကစားနိုင်ခဲ့တာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL



# ဘာစီလိုနာအသင်းက လီဝမ်ဒေါစကီးကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိ

**ဘာစီလိုနာ အောက်တိုဘာ ၁၉**

ဘာစီလိုနာအသင်းက အသင်းမှ ဝါရင့်တိုက်စစ်ကစားသမား လီဝမ်ဒေါစကီးကို လာမည့် ၂၀၂၆ ခုနှစ် ဇွန်လထိ သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၆ နှစ်ရှိ လီဝမ်ဒေါစကီးသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ကာ ပထမဘောလုံးရာသီတွင် ၃၃ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဒုတိယဘောလုံးရာသီတွင်လည်း ၂၆ ဂိုးထိသွင်းယူနိုင်ခဲ့သည်။

လီဝမ်ဒေါစကီးသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဂိုးသွင်းအား အနည်းငယ်ကျဆင်းလာခဲ့သကဲ့သို့ ၎င်းကို မြင့်မားသည့် လုပ်ခလစာငွေ ပေးချေနေရသည့်အတွက် အသင်းဘဏ္ဍာရေး အကျပ်အတည်းကြောင့် ယခုနှစ် ဘောလုံးရာသီ အကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးကာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန် ဆုံးဖြတ်ထားသော်လည်း လီဝမ်ဒေါစကီးအနေဖြင့် ယခုနှစ် ဘောလုံးရာသီတွင် ခြေစွမ်းကောင်းများ ပြန်လည်ပြသနိုင်ခဲ့သည့်အတွက် ဘာစီလိုနာအသင်းက ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှု ရယူခဲ့ခြင်းဖြစ်သည်။

လီဝမ်ဒေါစကီးသည် ယခုနှစ် ဘောလုံးရာသီ နည်းပြဖလစ်လက်အောက်တွင် ပုံစံကောင်းများပြန်လည်ပြသနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၁၁ ပွဲ ကစားပြီးချိန်တွင် ၁၂ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှုလည်း နှစ်ကြိမ်ပြုလုပ်နိုင်သည်ထိ ခြေစွမ်းကောင်းများ ပြသနိုင်ခဲ့သည့်အတွက် ဘာစီလိုနာအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# လိုက်ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ ဘီတာဘီယက်ဗ်အား ဂျာမနီလက်ဝှေ့သမား အီဖက်နှင့်ထိုးသတ်ရန် IBF အဖွဲ့ချုပ်ညွှန်ကြား





**နယူးယောက် အောက်တိုဘာ ၁၉**

လိုက်ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ ရုရှားလက်ဝှေ့သမား ဘီတာဘီယက်ဖ်အား IBF အဖွဲ့ချုပ်က IBF လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံအတွက် ဂျာမနီလက်ဝှေ့သမား အီဖက်နှင့် ထိုးသတ်ရန် ညွှန်ကြားလိုက်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားလက်ဝှေ့သမား ဘီဗိုလ်အား အနိုင်ထိုးသတ်ကာ လိုက်ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဆုကို ရရှိခဲ့ပြီးနောက် ဘီဗိုလ်ဖြင့် မကျေပွဲထိုးသတ်ရန် စီစဉ်နေသော်လည်း IBF အဖွဲ့ချုပ်က အီဖက်နှင့်ထိုးသတ်သွားရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

နာမည်ကြီး Promoter ဖြစ်သူ ဘော့အာရမ်က IBF ၏ ညွှန်ကြားချက်အပေါ် စိတ်ပျက်နေပြီး ဘီဗိုလ်အတွက် အခွင့်အရေးပေးသင့်ကြောင်း IBF ၏ ညွှန်ကြားချက်မှာမမျှတကြောင်း ဝေဖန်ခဲ့သည်။

ဘီတာဘီယက်ဖ်နှင့် ဘီဗိုလ်တို့ပွဲစဉ်မှာ အငြင်းပွားဖွယ်ရာ ရလဒ်ဖြင့် အဆုံးသတ်ခဲ့ပြီးနောက် ဘီဗိုလ်၏ Promoter ဖြစ်သူ ဘော့အာရမ်က စိတ်ဆိုးဒေါသထွက်ကာ IBF အဖွဲ့ချုပ်အား ဝေဖန်ခဲ့ခြင်းဖြစ်သည်။

ဘော့အာရမ်က “IBF ရဲ့ ဆုံးဖြတ်ချက်က တော်တော်လေးကို စိတ်ပျက်ဖို့ကောင်းတယ်။ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုအတွက် ထိုးသတ်အပြီးမှာ မကျေပွဲ စီစဉ်ခွင့်ပြုရမှာကို တခြားပြိုင်ဘက်နဲ့ စီစဉ်ပေးတာဆိုတာက လေးစားမှုမရှိတာပါ။ အမှန်တော့ ဘီဗိုလ်ကို အခွင့်အရေးပေးသင့်ပါတယ်။ ပြတ်သားတဲ့ရလဒ်နဲ့ ပြီးခဲ့တဲ့ပွဲမဟုတ်ပါဘူး။ ဒါကို ဘီဗိုလ်အားအခွင့်အရေးမပေးဘဲ တခြားပြိုင်ဘက်နဲ့ ထိုးသတ်ခွင့်ပြုခဲ့တာဟာ စိတ်ပျက်ဖို့ကောင်းပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# BMW Ladies Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ဟန်နာဂရင်းဦးဆောင်

**ဝဲဂျူ အောက်တိုဘာ ၁၉**

တောင်ကိုရီးယားနိုင်ငံ ဝဲဂျူမြို့တွင်ကျင်းပနေသည့် BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် သြစတြေးလျဂေါက်သီးရိုက်မယ် ဟန်နာဂရင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဆန်ယူဂျင်က စုစုပေါင်းသတ်မှတ်ရိုက်ချက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး တောင်အာဖရိကဂေါက်သီးရိုက်မယ် ဘူဟိုင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ဟန်နာဂရင်းအနေဖြင့် ဒုတိယနေ့တွင် ရလဒ်ကောင်းရရှိခဲ့သည့်အတွက်ကြောင့် တတိယနေ့အပြီးတွင် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ခြင်းဖြစ်သည်။

ဟန်နာဂရင်းက “တတိယနေ့မှာတော့ ရိုက်ချက်တွေက တော်တော်လေးကို ဆိုးရွားခဲ့တယ်။ အထူးသဖြင့် တတိယနေ့ရဲ့ ပထမကိုးကျင်းမှာ တော်တော်လေးကို ရလဒ်ဆိုးရွားခဲ့ပါတယ်။ ဘာမှကို ကောင်းကောင်းမလုပ်ပြနိုင်ခဲ့ဘူး။ တတိယနေ့မှာ ရလဒ်မကောင်းခဲ့ပေမဲ့လဲ ဒုတိယနေ့ရဲ့ ရလဒ်က ကောင်းမွန်ခဲ့တဲ့အတွက်ကြောင့် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်တာလဲဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# အမျိုးဂုဏ်၊ဇာတိဂုဏ်မြှင့်တင်ပေးမည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ

ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းများသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် ပြည်ထောင်စုကြီးအတွင်း စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်လာခဲ့ကြသည်။ ထို့ပြင် ထုထည်ခိုင်မာသည့် မြန်မာ့ယဉ်ကျေးမှုအုတ်မြစ်ကြီးများကိုလည်း စိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာမှု၊ မြန်မာဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာရပ်တည်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ကိုယ်ပိုင်အက္ခရာ၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာတို့ ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံ၊ အရောင်အသွေးစုံစွာ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တစ်မူထူးခြားသော ဝိသေသကိုယ်စီ ပိုင်ဆိုင်ထားကြသည်။ ယဉ်ကျေးမှုအနုပညာများကလည်း ပန်းပေါင်းစုံဝေဆာဖူးပွင့်နေသည့် ဥယျာဉ်ကြီးတစ်ခုပမာ တည်ရှိနေသည်။

ခေတ်အဆက်ဆက်ထွန်းကားလာခဲ့သည့် မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များသည် သူ့ကျွန်ဘဝတွင် ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ်ချိုးနှိမ်မှုများကိုခံခဲ့ရသည်။ မြန်မာအနုပညာရှင်များအနေဖြင့် ကိုလိုနီနယ်ချဲ့များ၏ဖိနှိပ်မှုများကို ကြံ့ကြံ့ခံတွန်းလှန်ပြီး အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းထိန်းသိမ်းလာခဲ့သည့်အတွက် ယနေ့ထိ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များသည် မြန်မာ့ရိုးရာသွင်ပြင်ဟန်ပန်အတိုင်း ရှေးမူမပျက် ဆက်လက်ဖြစ်ထွန်းနေခြင်းဖြစ်သည်မှာ ဂုဏ်ယူဝင့်ကြွားဖွယ်ပင်ဖြစ်သည်။

**ကြိုးပမ်းမှုတစ်ရပ်**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပနိုင်ခြင်းသည် မြန်မာလူမျိုးတို့၏ ဇာတိသွေး ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့် ကြိုးပမ်းမှု၊ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်ပင်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုများ အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အမျိုးသားရေးကိုယ်ခံအား တည်ဆောက်ပေးလျက်ရှိရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် အရေးပါသည့်အခန်းကဏ္ဍမှ အထောက်အကူပြုစွမ်းဆောင်ပေးလျက်ရှိသည်။

**ငွေရတုတိုင်လေပြီ**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။ ထိုသို့ကျင်းပပြုလုပ်ခဲ့သည့် ပြိုင်ပွဲကြီးများ၏ ကျေးဇူးကြောင့် ဝါသနာရှင်မျိုးဆက်သစ်လူငယ်များသည် ငွေရတုပြိုင်ပွဲကာလတွင် ပညာရှင်အဆင့် အနုပညာရှင်ကြီးများအဖြစ် မြင်တွေ့နေကြရပြီဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝါသနာရှင် သွေးချင်းမောင်နှမများကို အနုပညာအမွေလက်ဆင့်ကမ်းပေးဝေလျက်ရှိရာ အမျိုးသားရေးအတွက် အားရကျေနပ်ဖွယ်ရာပင်ဖြစ်သည်။

**ဦးတည်ချက် ၄ ရပ်ဖြင့် ကျင်းပ**

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဟူသည့် ဦးတည်ချက် ၄ ရပ်ဖြင့် ကျင်းပနေခြင်းဖြစ်သည်။




**ပါဝင်ယှဉ်ပြိုင်လျက်ရှိ**

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်ထိ နေပြည်တော်တွင် ခမ်းနားထည်ဝါစွာဖြင့် သိုက်သိုက်ဝန်းဝန်း စည်စည်ကားကား ကျင်းပနေပြီဖြစ်သည်။ ပြိုင်ပွဲအသီးသီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအမွေအနှစ်များ လက်ဆင့်ကမ်းထိန်းသိမ်းထားသူ ပြိုင်ပွဲဝင်ဦးရေ ၂၅၀၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မဟာဂီတ၊ ကာလပေါ်၊ အမျိုးဂုဏ်မြှင့်တင်ရေးတေးသီချင်းများဖြင့်လည်းကောင်း၊ တိုင်းရင်းသားတို့၏ ရိုးရာတူရိယာ၊ တိုင်းရင်းသား ရိုးရာ/ကျေးလက်ရိုးရာအကများ၊ ကဗျာလွတ်ချင်းတိုင်းရင်းသားရိုးရာအက၊ ရုပ်သေးကြိုးဆွဲအကများဖြင့်လည်းကောင်း၊ စန္ဒရား၊ ဂီတာ၊ ဒုံမင်း၊ မယ်ဒလင်၊ ဒိုးပတ်၊ အိုးစည်၊ တယော၊ စောင်း၊ နှဲ၊ ပလွေ၊ ပတ္တလား စသည့် အတီးအမှုတ်များဖြင့်လည်းကောင်း၊ ရုပ်စုံသဘင်၊ ဆိုင်း၊ ဆိုင်းဝိုင်းကြီးပြိုင်ပွဲများဖြင့်လည်းကောင်း၊ အရေးပြိုင်ပွဲများဖြင့်လည်းကောင်း တစ်ဦးချင်း၊ အဖွဲ့လိုက် ယှဉ်ပြိုင်နေကြပြီဖြစ်သည်။

**တစ်စုတစ်စည်းတည်းပါဝင်**

မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသည့် တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပေါင်းစည်းထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာယဉ်ကျေးမှုဟူ၍ ဘုံသဘောဆောင်သည့် အမျိုးသားရေးစရိုက်လက္ခဏာကို လက်ခံကျင့်သုံးသည့် ပြည်ထောင်စုအဖြစ် စည်းလုံးညီညွတ်စွာနေထိုင်လျက်ရှိကြသည်။ မြန်မာတိုင်းရင်းသားများ၏ တူရိယာပစ္စည်းများတွင် ကွဲပြားခြားနားမှုများရှိသော်လည်း "ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်" ဆိုသည့် မြန်မာတို့၏တူရိယာငါးပါးအခြေခံတွင် တစ်စုတစ်စည်းတည်းတူညီစွာ ပါဝင်လျက်ရှိသည်။ အလားတူ တိုင်းရင်းသားအကများတွင် ကွဲပြားခြားနားမှုရှိသော်လည်း "စည်းနှင့်ဝါး" ကိုအခြေခံသည့် "ခေါင်း၊ ခါး၊ ခြေ၊ လက်" အစရှိသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှုပ်ရှားကပြကြခြင်းသာဖြစ်သည်။

**ချစ်ကြည်ရင်းနှီးမှုမြှင့်တင်**

ထို့ပြင် နှစ်စဉ်ကျင်းပသော အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် ယဉ်ကျေးမှုဖလှယ်သည့် အနေဖြင့် ပြည်နယ်အသီးသီး၏ ရိုးရာအကများကို မဲနှိုက်ပြီး မဲကျရာတိုင်းရင်းသားရိုးရာအကကို တိုင်းဒေသကြီးနှင့်ပြည်နယ်များက အနုပညာရှင်များအနေဖြင့် အတူတကွ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြသည်။ ထိုသို့ဖလှယ်ကြခြင်းအားဖြင့် တစ်ဦး၏ယဉ်ကျေးမှုကို တစ်ဦးက သိရှိနားလည်လာပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားစေရုံသာမက တိုင်းရင်းသားရိုးရာအနုပညာရပ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

**အမျိုးဂုဏ်၊ဇာတိဂုဏ် မြှင့်တင်ပေးမည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ**

ဝါလကင်းလွတ် သီတင်းကျွတ်သည့် ယခုအချိန်အခါသမယသည် ရေခံ၊မြေခံကောင်းမွန်သည့် မြန်မာနိုင်ငံ၌ မိုးလေကင်းလွတ်ပြီး အလွန်သာယာတင့်တယ်သည့်ကာလဖြစ်သည့်အတွက် မြတ်နိုးဖွယ်ရာကောင်းမွန်ပြီး အစဉ်အလာကြီးမားသော မြန်မာတို့၏ အနုပညာရသများကို ထုတ်ဖော်ပြသကြရမည့် အချိန်အခါကောင်းဖြစ်သည်။ နှစ်စဉ် နှစ်တိုင်း ဤအချိန်ကာလရောက်တိုင်း မြန်မာတို့၏ အနုသုခုမပညာရပ်များကို ထုတ်ဖော်လှစ်ပြယှဉ်ပြိုင်ကြသည်ဖြစ်ရာ မြန်မာတို့၏ ဘိုးဘေးဘီဘင်များ ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်းအမွေပေးဝေခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာရပ်များ တင့်တယ်ဝေဆာပေါ်ထွန်းလာသည်ကို မြင်တွေ့သိရှိခံစားနိုင်ကြပြီဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုကို လှစ်ဟဖော်ထုတ်ပြသကြသည့် အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရပ်များသည် ထိရောက်သည့်အကျိုးသက်ရောက်မှုများ ဖြစ်စေပါသည်။ ခံစားမှုရသများ စုံလင်စွာပါဝင်သည့် အနုသုခုမပညာရပ်များကို ထုတ်ဖော်ပြသခြင်း၊ ကြည့်ရှုခံစားအားပေးခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်များ မြင့်မားတိုးတက်လာစေပါသည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ဝိညာဉ်သည် ထိုနိုင်ငံ၊ ထိုလူမျိုးတို့၏ ယဉ်ကျေးမှုဝိသေသလက္ခဏာများဖြစ်၍ ယဉ်ကျေးမှုသည် နိုင်ငံ၏ကြေးမုံပြင်သဖွယ် ထွန်းလင်းတောက်ပ ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံတိုင်းသည် ကိုယ်ပိုင်ယဉ်ကျေးမှုများကို မြတ်နိုးတန်ဖိုးထားကြသလို အစဉ်အဆက်ထွန်းလင်းတောက်ပခဲ့သည့် ကိုယ်ပိုင်ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော အနုသုခုမပညာရှင်များ၊ ဝါသနာရှင်များ၊ မျိုးဆက်သစ်များကိုဖော်ထုတ်ကြရသည်။ ထို့ကြောင့် အစိုးရအဆက်ဆက်သည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ဤသို့စဉ်ဆက်မပြတ် ဖော်ထုတ်မြှင့်တင်ပေးခဲ့ကြသဖြင့် အစဉ်အလာကြီးမားခဲ့သည့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ စဉ်ဆက်မပြတ် တောက်ပြောင်နေခြင်းပင်ဖြစ်သည်။

အနုပညာရှင်များသည် နိုင်ငံနှင့်လူမျိုးအတွက် လိုအပ်လာသည့်အခါ မိမိတို့၏စွမ်းပကားဖြင့် သမိုင်းပေးတာဝန်ကို ကျေပွန်ခဲ့ကြသည်။ အနုပညာရှင်တို့သည် သမိုင်းရေးလိုအပ်ချက်အရ အနုပညာအစွမ်းဖြင့် ပြည်သူလူထုကို စည်းလုံးစေသည်၊ ညီညွတ်စေသည်။ ရဲရင့်တက်ကြွစေသည့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ထက်သန်စေသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားသွေးရင်းသားရင်းတို့ စည်းလုံးညီညွတ်သည့်နိုင်ငံ၊ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားသုံးရပ်တို့ တောင့်တင်းခိုင်မာသည့်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝံ့ထည်စွာရပ်တည်နိုင်ရန်လိုအပ်ပေသည်။ ထို့ကြောင့် မျိုးဆက်သစ်အနုပညာရှင်များအနေဖြင့် အနုပညာစွမ်းပကားဖြင့် နိုင်ငံကို ဝိုင်းဝန်းတည်ဆောက်သွားရန်လိုအပ်ပေသည်။

ထို့ကြောင့် ရှေးအစဉ်အလာမပျက် ထူးခြားလေးနက်သည့် မြန်မာတို့၏ ယဉ်ကျေးမှု အနုသုခုမပညာရပ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ဖော်ထုတ်ပေးသည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှတစ်ဆင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ မြင့်မားတိုးတက်တောက်ပြောင်လာအောင် ဝိုင်းဝန်းအားပေး မြှင့်တင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy 25th Silver Jubilee Myanmar Traditional Cultural Performing Arts Competitions




Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch the ethnic / rural traditional dance competition (open level).

**Nay Pyi Taw October 19**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoyed the 25th Silver Jubilee Myanmar Traditional Cultural Performing Arts Competitions (central level) held this afternoon at the Myanmar International Convention Center (2) in Nay Pyi Taw.

Along with the Senior General and his wife were council members and their spouses, Union Ministers and their spouses, the Chairman of the Nay Pyi Taw Council, high-ranking military officers from the Office of the Commander-in-Chief, Deputy Ministers, judges, supervisors, participants from regions and states, ethnic brethren, as well as citizens who cherish traditional cultural performing arts.

Initially, the Senior General, his wife, and party watched the ethnic / rural traditional dance competition (open level) at the Plenary Hall. In this competition, various traditional dance groups representing regions and states performed dances that highlighted ethnic and rural cultural characteristics, demonstrating elegance and harmony.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch the ethnic / rural traditional dance competition (open level).

After the performances, the Senior General and his wife greeted the judges and contestants warmly.

100

# World Insights: How U.S. export curbs are undermining EU's chip ambitions

**Berlin October 19**

Dutch semiconductor equipment maker ASML lost up to 60 billion euros (65.25 billion U.S. dollars) after its shares plummeted over 20 percent in just two days this week, primarily due to lower-than-expected 2025 sales and bookings.

The company is feeling the pinch of U.S.-induced geopolitical tensions, as Dutch export restrictions, at the behest of the U.S. government, are weighing heavily on the tech giant's outlook for 2025.

According to a CNBC report, ASML anticipates a decline in sales from China next year, citing U.S. export restrictions as a significant factor.

Since 2019, the United States has pressured the Dutch government to implement strict controls on exporting advanced chip-making equipment to China, citing "national security" concerns. Initially focused on ASML's advanced extreme ultraviolet lithography machines, the ban was expanded earlier this year to include several mid-range deep ultraviolet lithography machines.

Xinhua

# Pantanaw Township supplies 80,000 bags of Emahta rice to Yangon market in September

**Pantanaw October 19**

A total of 80,000 bags of rice was sent by local businesspersons and farmers from Pantanaw Township of Ayeyawady Region to Yangon market in September, said Daw Wai Moe, the owner of rice and paddy trading commodity centre in Pantanaw Township.

They could sell 55,000 bags of Emahta rice to Yangon market in August alone but 80,000 bags in September.

Daw Wai Moe disclosed: "Local businesspersons from Pantanaw Township dispatched 80,000 bags of Emahta rice to Yangon market. At present, merchants from Yangon market offer to purchase Emhahta rice from Pantanaw Township but the price of rice is stable. Local businessersons focus on sales of Emahta rice to Yangon market."




Bags of rice being loaded onto a truck.

Merchants from Pantanaw Township mill Emahta rice to Yangon market. Currently, the rice fetched K120,000 per bag. Due to high demand from Yangon market for Emahta rice, merchants and farmers in addition to those in production chain have opportunities to earn increased incomes for their families.

Kyaw Kyaw Lin

# Farmers supply 90,000 pieces of corns to Yangon market


Workers sorting out corns.

**Ngaputaw October 19**

Local farmers and businesspersons from Ngaputaw Township of Ayeyawady Region sent 90,000 pieces of corns to Yangon market in September, said Daw Htay Htay, the owner of agricultural produce trading commodity centre in Ngaputaw Township.

They coudld ship 67,000 pieces of corns to Yangon market but 90,000 pieces of corn in September.

Daw Htay Htay disclosed: "Local farmers and businesspersons sent 90,000 pieces of corns to Yangon market within September alone. At present, corns from Ngaputaw Township is in high demand at Yangon market. Consequently, local farmers and merchants have better opportunities for employments. So, they send quality corns to Yangon market."

Businesspersons sent pieces of corns purchased from local farmers to Yangon by cargo truck. The quality corns fetched K13,000 to K15,000 per piece in Yangon market.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Mawlamyinegyun Township supplies 85,000 bags of Ziya rice to Yangon market in September

**Mawlamyinegyun October 19**

Local businesspersons and farmers from Mawlamyinegyun Township of Ayeyawady Region sent 85,000 bags of Ziya rice to Yangon market in September, said Daw Marlar, the owner of rice and paddy trading centre in Mawlamyinegyun Township.

They could supply 57,000 bags of rice to Yangon market in August but 85,000 bags in September.

Daw Marlar commented: "Last month, we sent a large number of rice bags to Yangon market. Local businesspersons focus on sale of agricultural produce to Yangon market. Ziya rice is a good quality for consumption. Merchants from Yangon market demand to purchase Ziya rice from Mawlamyinegyun Township. Currently, they offer to purchase Ziya rice from our township."

Ziya rice fetched K105,000 per bag of rice in Yangon market. Thanks to demand from Yangon market, those in production chain of rice are convenient in earning incomes for their families.

Kyaw Kyaw Lin


Piles of newly harvested paddy.

# More than 80,000 baskets of Pakhan paddy sold to Yangon market

**Bogale October 19**

Local farmers and businesspersons from Bogale Township of Ayeyawady Region sold 82,000 baskets of Pakhan paddy to Yangon market in September, said Daw San San Win, the owner of rice and paddy trading in Bogale Township.

They could sell 60,000 baskets of Pakhan variety of paddy to Yangon in August, compared to 82,000 baskets in September.

Daw San San Win commented: "Businesspersons of Bogale Township sent 82,000 baskets of paddy to Yangon market in September. They dispatched quality strains of paddy to Yangon. The paddy sent to Yangon is included in the non-premium paddy strains. At present, the paddy is in high demand at Yangon market."

Pakhan variety paddy fetched K195,000 per 100 baskets in September. Hence, local farmers, businesspersons and those in the production chains are convenient in earning incomes.

Kyaw Kyaw Lin


A pile of newly harvested paddy.

# Farmers finish cultivation of vegetables on croplands in Kanbalu District

**Kanbalu October 19**

According to the statistics of Kanbalu District Agriculture Department, a total of 2,431 acres of vegetables were planted in Kanbalu District of Sagaing Region this monsoon.

Local authorities earmarked cultivation of 2,475 acres of vegetables in the district as monsoon crops in 2024-25 monsoon season but local farmers have planted 1,916 acres of vegetables in Kanbalu Township and 515 acres in Kyunhla Township, totalling 2,431 acres against the target cultivation.

Daw Mar Mar Win, Head of Kanbalu District Agriculture Department said: "This monsoon, a plan was set to grow 2,475 acres of vegetables in Kanbalu District. So far, local farmers have planted 2,431 acres of crops. They are trying hard to meet the target cultivation. They grow mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage and other crops. Our department shared agricultural techniques with local farmers and urged them to use GAP system. Moreover, farmer awareness was raised for production of healthy crops with least chemical residues."

In 2024-25 monsoon season, Kanbalu Township set a plan to grow 1,963 acres of vegetables and Kyunhla Township, 512 acres, totalling 2,475 acres.

This year, officials of the Township Agriculture Department conducted the training courses for local farmers and agricultural staff in order to enhance their capacity for growing vegetables with least chemical residue. Moreover, the department urged local farmers to expand sown acreage of vegetable plantations.

Seasonal vegetable plants are thriving in Kanbalu Township. Hence, local farmers earn increased incomes for their families. Officials of Township Agriculture Department share knowledge about use of correct agricultural techniques, prevention of pests, and making fertilizers and pests to cut agricultural costs.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အစ္စရေး IAI ကုမ္ပဏီက အမေရိကန်တပ်မတော်၏ AUSA ပြပွဲတွင် TEASER ဒုံးကျည်ကို ထုတ်ဖော်ပြသ




အစ္စရေးနိုင်ငံ Israel Aerospace Industries (IAI)ကုမ္ပဏီသည် အမေရိကန် တပ်မတော်၏ AUSA (Association of the United States Army) ပြပွဲတွင် TEASER ဒုံးကျည်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အာရုံခံကိရိယာများမပါရှိသော အလိုအလျောက် ပဲ့ထိန်းဒုံးကျည်သည် နိုင်ငံတကာ တပ်မတော်များအတွက် တိကျမှု၊ ယုံကြည်စိတ်ချရမှုနှင့် ကုန်ကျစရိတ် သက်သာမှုတို့အတွက် လက်ရှိလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဒီဇိုင်းထုတ်ထားသော မျိုးဆက်သစ် တိုက်ခိုက်ရေး လက်နက်အမျိုးအစား တစ်ခုပင်ဖြစ်သည်။

TEASER ဒုံးကျည်သည် ACLOS (Automatic Command-to-Line-Of-Sight) ထိန်းကျောင်းရေးလမ်းညွှန်စနစ် အသုံးပြုထားပြီး မြေပြင်တပ်ဖွဲ့များ၊ အခြေခံအဆောက်အအုံများ၊ အပေါ့စားသံချပ်ကာယာဉ်များအပြင် အနိမ့်ပျံဝေဟင်ပစ်မှတ်များအတွက် အကောင်းဆုံးချေမှုန်းရေးလက်နက်ဖြစ်သည်။ အထင်ရှားဆုံး ဝိသေသလက္ခဏာရပ်မှာ ထုတ်လုပ်မှုနှင့် အသုံးပြုမှု ကုန်ကျစရိတ်နည်းပါးမှုအပြင် ဒုံးကျည်၏ ပစ်မှတ်ဖျက်ဆီးနိုင်စွမ်း တိကျမှုမြင့်မားစေရန် အလိုအလျောက်လမ်းညွှန်မှု အာရုံခံကိရိယာမပါရှိခြင်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ် GNSS တို့အပေါ်မှီခိုမှုမရှိဘဲ TEASER ဒုံးကျည်သည် မည်သည့်တည်နေရာချထားမှုစနစ်နှင့်မဆို အမှီခိုကင်းကင်း တိုက်ပွဲဝင် လုပ်ဆောင်နိုင်သည့်အတွက် စစ်မြေပြင်အခြေအနေများတွင် ယုံကြည်စိတ်ချရမှုကို မြင့်မားကောင်းမွန်စေကြောင်း သိရသည်။

TEASER ဒုံးကျည်သည် ၎င်း၏ Payload-to-Weight အချိုးမြင့်မားမှုနှင့်အတူ ကျစ်လျစ်ပေါ့ပါးသော ဖွဲ့စည်းတည်ဆောက်မှုနှင့် ထိရောက်သောတိုက်စွမ်းအားကို အာမခံချက်ပေးနိုင်သည်။ ရန်သူ့တပ်ဖွဲ့ဝင်များမှသည် အငယ်စားအခြေခံအဆောက်အအုံများထိ ပစ်မှတ်အမျိုးမျိုးကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသော ဘက်စုံသုံးထိပ်ဖူးတစ်ခု တပ်ဆင်အသုံးပြုထားသည်။ Proximity sensor အာရုံခံကိရိယာ တပ်ဆင်ထားသော ဒုံးကျည်အမျိုးအစားကိုလည်း ထုတ်လုပ်ပေးထားပြီး ဝေဟင်ပစ်မှတ်များကို တိုက်ခိုက်ရာတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ အများဆုံးအကွာအဝေး မီတာ ၂၅၀၀ နှင့် တစ်စက္ကန့်လျှင် မီတာ ၂၀၀ အမြန်နှုန်းဖြင့် ပျံသန်းတိုက်ပွဲဝင်နိုင်သော TEASER ဒုံးကျည်သည် ရှုပ်ထွေးနက်နဲသော နည်းဗျူဟာမြောက် တိုက်ပွဲဝင်အခြေအနေများတွင် ထိထိရောက်ရောက် လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

ဒုံးကျည်၏ အတိုင်းအတာများမှာ အလျား စင်တီမီတာ ၇၀ နှင့် အချင်း ၈ ဒသမ ၄ စင်တီမီတာရှိပြီး လက်ရှိ လက်နက်စနစ်များနှင့် အဆင်ပြေစွာ ပေါင်းစည်းအသုံးပြုနိုင်မည်ဖြစ်ကာ အမျိုးမျိုးသော Optical ပစ္စည်းကိရိယာများလည်း လိုအပ်ပါက တပ်ဆင်နိုင်စေမည်ဖြစ်သည်။

IAI ကုမ္ပဏီသည် TEASER ဒုံးကျည်ကို မတူညီသော ပစ်လွှတ်မှုအခြေအနေများတွင် အသုံးပြုရန် ဒီဇိုင်းထုတ်ထားပြီး စစ်မြေပြင်တွင် တိုက်ပွဲဝင်နေသော တပ်ဖွဲ့ဝင်များအတွက် အဆင်ပြေစွာ အသုံးပြုနိုင်စေမည်ဖြစ်သည်။ ဒုံးကျည်ကို Portable Launch Mode နှင့် Mounted Launch Mode ဟူ၍ နည်းလမ်း နှစ်မျိုးဖြင့် အသုံးပြုပစ်ခတ်နိုင်သည်။

IAI ကုမ္ပဏီ၏ TEASER ဒုံးကျည်သည် စွမ်းဆောင်ရည်မြင့်မားပြီး ကုန်ကျစရိတ် သက်သာစွာ၊ တိကျစွာ၊ လျင်မြန်စွာ၊ ပြောင်းလွယ်ပြင်လွယ်ရှိစွာ အသုံးပြုနိုင်သော လက်နက်တစ်ခုဖြစ်ကြောင်း သိရသည်။

**Israel Aerospace Industries Teaser Missile Presented at AUSA Exhibition in United States ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆော်ဒီအာရေဗျက တူကီယဲထုတ် ပဥ္စမမျိုးဆက်တိုက်လေယာဉ်အစင်းရေ ၁၀၀ ကျော်ထိဝယ်ယူရန် စိတ်ဝင်စားနေ

ဆော်ဒီအာရေဗျနိုင်ငံသည် တူကီယဲနိုင်ငံကထုတ်လုပ်သည့် ပဥ္စမမျိုးဆက်တိုက်လေယာဉ် KAAN အစင်းရေ ၁၀၀ ကျော်ထိဝယ်ယူရန် စိတ်ဝင်စားနေကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၁၅ ရက်တွင် ရေးသားဖော်ပြထားသည်။

ဆော်ဒီအာရေဗျနိုင်ငံ လေတပ်ဦးစီးချုပ် Turki bin Bandar Al Saud တူကီယဲနိုင်ငံသို့ လာရောက်လည်ပတ်စဉ်တွင် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ Roketsan၊ Turkish Aerospace Industries နှင့် Aselsan ကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ဥပဝယ်ယူရေးကိစ္စကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ခရီးစဉ်သည် ဆော်ဒီအာရေဗျနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ကို KAAN တိုက်လေယာဉ်နှင့်ပတ်သက်၍ စွမ်းဆောင်ရည်များအကြောင်း အသေးစိတ်အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး အလားအလာရှိသော မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးမှုများကို စတင်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

KAAN တိုက်လေယာဉ်ကို ဆော်ဒီအာရေဗျနိုင်ငံက စိတ်ဝင်စားမှုသည် တူကီယဲ-ဆော်ဒီ ဆက်ဆံရေး တိုးတက်ကောင်းမွန်နေမှုနှင့်အတူ ခိုင်မာသော ကာကွယ်ရေးမိတ်ဖက် ဆက်ဆံရေးထူထောင်မှု ရည်မှန်းချက်နှင့် ကိုက်ညီနေကြောင်း သိရသည်။

တူကီယဲနှင့်ဆော်ဒီအာရေဗျ နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးတွင် သိသိသာသာ တိုးတက်ကောင်းမွန်လာမှုကို ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် Jeddah မြို့၌ ပြုလုပ်ခဲ့သည့် မဟာဗျူဟာမြောက် ထိပ်သီးအစည်းအဝေးက မီးမောင်းထိုးပြခဲ့ပြီး နှစ်နိုင်ငံစလုံးမှတာဝန်ရှိသူများသည် တန်ဖိုးမြင့်မားသော ကာကွယ်ရေးစီမံကိန်းများကို ပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။ ဆော်ဒီအာရေဗျတွင် တူကီယဲ၏ KAAN ပဥ္စမမျိုးဆက် တိုက်လေယာဉ်များ တပ်ဆင်မှု အပါအဝင် နည်းပညာလွှဲပြောင်းမှုအခွင့်အလမ်းများနှင့်ပူးတွဲထုတ်လုပ်ရေး ကြိုးပမ်းလုပ်ဆောင်နိုင်ရန် နည်းလမ်းရှာဖွေလျက်ရှိသည်။

KAAN တိုက်လေယာဉ်သည် After-burners မပါဘဲ အသံထက်မြန်သော စူပါဆောနစ်အရှိန်ဖြင့် ပျံသန်းနိုင်မှုအပါအဝင် အဆင့်မြင့်စွမ်းဆောင်ရည်များ ပေးစွမ်းနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ တောင်ပံအလျား ၁၄ မီတာ၊ အရှည် ၂၁ မီတာနှင့် အမြင့် ခြောက်မီတာရှိသော KAAN တိုက်လေယာဉ်သည် အမြင့်ဆုံးအမြန်နှုန်း Mach 1.8 နှင့် အမြင့်ပေ ၅၅၀၀၀ ထိ ပျံသန်းနိုင်သည်။ လေယာဉ်ကို F-35A ကဲ့သို့သော တူကီယဲလေတပ်၏ အရေးပါ




သော တိုက်လေယာဉ်များနှင့် အပြန်အလှန် အသုံးပြုတိုက်ပွဲဝင်နိုင်စေရန် ဒီဇိုင်းထုတ်ထားပြီး ပူးတွဲတာဝန်များတွင် စစ်ဆင်ရေး ထိရောက်မှုကိုမြှင့်တင်ပေးထားသည်။ ခရီးအကွာအဝေး ကီလိုမီတာ ၁၁၀၀ ခန့်ထိ စစ်ဆင်နိုင်မည်ဖြစ်ပြီး Payload တင်ဆောင်နိုင်မှု အလေးချိန်မှာ ကီလိုဂရမ် ၆၀၀၀ ကျော်ဖြစ်သည်။ ဝေဟင်မှ ဝေဟင်ပစ်၊ ဝေဟင်မှမြေပြင်ပစ် လက်နက်ခဲယမ်းများကို လက်နက်တပ်ဆင်မည့်နေရာ Hardpoint ၁၀ ခု ကျော်တွင် တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ AESA ရေဒါစနစ်သည် ထောက်လှမ်းမှုအကွာအဝေး ကီလိုမီတာ ၁၀၀ ကျော်ထိ ပံ့ပိုးပေးကာ ကြိုတင်သတိပေးနိုင်မှုနှင့် ပစ်မှတ်ကို တိကျစွာတိုက်ခိုက်နိုင်မှုကို မြင့်မားကောင်းမွန်စေမည်ဖြစ်သည်။ အင်ဂျင်နှစ်လုံးဖြင့် မောင်းနှင်ထားပြီး အင်ဂျင်တစ်လုံးစီသည် ပင့်တင်အား ပေါင် ၂၇၀၀၀ ခန့် တွန်းအားကို ထုတ်လုပ်ပေးနိုင်ကာ Supercruise စွမ်းရည်ဖြင့် တိုက်ပွဲအခြေအနေများတွင် လှုပ်ရှားစစ်ကစားနိုင်မှု မြင့်မားစွာပျံသန်းနိုင်စေမည်ဖြစ်သည်။

**Saudi Arabia to Acquire Türkiye's 5th-Generation KAAN Fighter Jet? ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကင်းမွန် ပိဿာချိန် ၇၃၀၀၀ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုမာက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကင်းမွန် ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက် ထိ ကင်းမွန်ပိဿာချိန် ၇၃၀၀၀ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်တစ်ပိဿာလျှင် ငွေကျပ်၂၄၀၀၀ မှ ၄၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

''လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေ ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ စက်တင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ ပွဲရုံတွေဆီ ကင်းမွန်တွေ ဝင်ရောက်မှု များနေပါတယ်။ အရင်ကထက် အရောင်းအဝယ် ပိုကောင်းလာပါတယ်။ ကင်းမွန်တော်တော်များများ တင်ပို့ရောင်းချလာရတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုမာက ပြောပြသည်။

အဆိုပါ လပွတ္တာမြို့နယ်မှ ဖမ်းဆီးရရှိသည့် ကင်းမွန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကင်းမွန်များကို ရန်ကုန်မြို့မှ တစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကင်းမွန်များ ဈေးကောင်းရရှိလာသည့်အတွက် ကုန်သည်များ၊ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလာကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုမာထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၀၂ ဧကစိုက်ပျိုးပြီးစီး

**မြောင် အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၀၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၀၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၀၀၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက်ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ စပါး ၄၀၀၁ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၀၀၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာလိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



မြောင်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးဆိုင်ရာအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# တောင်ငူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများ၌ တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်း စစ်ဆေး

**တောင်ငူ အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးကောင်းကျေးရွာနှင့် ရှမ်းစုကြီးကျေးရွာတို့၌ ရာဂိမုန်တိုင်းကြောင့် ရေကြီးနစ်မြုပ်ခဲ့သော စက်ရေတွင်း၊ တုံကင်တွင်း၊ လက်တူးတွင်းများကို တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ မိုးကောင်းကျေးရွာနှင့် ရှမ်းစုကြီးကျေးရွာတို့၌ စက်ရေတွင်းများ၊ တုံကင်တွင်းများ၊ လက်တူးတွင်းများကို တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ကလိုရင်း ဆေးခတ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

တောင်ငူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၆၈ ရွာ၌ ရေကြီးနစ်မြုပ်ခဲ့သော ရေတွင်းပေါင်း ၁၁၀၀ ခန့်ကို တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ၉၅၇ တွင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အင်ဂျင်လေမှုတ်စက် ၁၅ စုံ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်လေမှုတ်စက် ၂ စုံ စုစုပေါင်းအင်ဂျင်လေမှုတ်စက် ၁၇ စုံဖြင့် တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်းများ၊ ကလိုရင်းခတ်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ကျေးရွာသူ၊ ရွာသားများပါဝင်သောအဖွဲ့ပေါင်း ၁၇ ဖွဲ့ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးထံမှ သိရသည်။

**ချိုလေး**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၉-၁၀-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာ အလွှတ်တန်းအဆင့်အကပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

🏳 **ရှေ့ဖုံးမှအဆက်**

အဖွဲ့ဝင်များသည် Plenary Hall ၌ ကျင်းပလျက်ရှိသည့် တိုင်းရင်းသားရိုးရာ၊ကျေးလက်ရိုးရာ အလွှတ်တန်းအဆင့်အက ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ရိုးရာအကအဖွဲ့များကတိုင်းရင်းသားနှင့်ကျေးလက်ရိုးရာဓလေ့စရိုက်များပေါ်လွင်စေသည့် အကအလှများဖြင့် အဖွဲ့လိုက်အချိုးအဆစ်ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုများကိုအားပေးကြည့်ရှုကြသည်။

ယှဉ်ပြိုင်ကပြမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟိုရ)




တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာ အလွှတ်တန်းအဆင့်အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။




တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာ အလွှတ်တန်းအဆင့်အကပြိုင်ပွဲတွင် ချင်းပြည်နယ်ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင်**“အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး”**တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက **“ကျေးရွာဝါဒ”** သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**“ဂီတရေစီးကြောင်း”**သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ရုပ်သေးကြိုးဆွဲပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲတွင် မန္တလေး






တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မင်းသားကြိုးဆွဲရုပ်သေးရုပ်နှင့် ဇော်ဂျီကြိုးဆွဲရုပ်သေးရုပ်တို့ဖြင့် ကကြိုးကကွက်စုံလင်စွာယှဉ်ပြိုင်ကြသည်။

တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာ အလွှတ်တန်းအဆင့်အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ မကွေးတိုင်းဒေသကြီးကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ ချင်းပြည်နယ်ကိုယ်စားပြု ချင်းတိုင်းရင်းသားရိုးရာဝါးညှပ်အကအဖွဲ့၊ မွန်ပြည်နယ်ကိုယ်စားပြု မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ထားဝယ်ရိုးရာအကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ ရှမ်းပြည်နယ် ကိုယ်စားပြု ရှမ်းရိုးရာအကအဖွဲ့၊ ကယားပြည်နယ်ကိုယ်စားပြု ကယားရိုးရာအကအဖွဲ့၊ ကချင်ပြည်နယ်ကိုယ်စားပြု ရဝမ်ရိုးရာအကအဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု ကရင်ရိုးရာဒုံးယိမ်းအကအဖွဲ့နှင့် ရခိုင်ပြည်နယ်ကိုယ်စားပြု ရခိုင်ရိုးရာအကအဖွဲ့တို့က တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာဓလေ့စရိုက်များပေါ်လွင်စေမည့် အကအလှများဖြင့် အဖွဲ့လိုက်အချိုးအဆစ်ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“ဂီတဖြင့် ပြည်အလှဆင်မည်”** ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

ဒုံမင်းအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက**“မန်းတောင်လက်ယာ”** (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက**“ဖန်ထွေလာ”**(မွန်)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ဇေယျာမြို့”**(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်



တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာ အလွှတ်တန်းအဆင့်အကပြိုင်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာ အလွှတ်တန်းအဆင့်အကပြိုင်ပွဲတွင် ကရင်ပြည်နယ်ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာ အလွှတ်တန်းအဆင့်အကပြိုင်ပွဲတွင် ရခိုင်ပြည်နယ်ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာ အလွှတ်တန်းအဆင့်အကပြိုင်ပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**“ဧယျာမြို့”**(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ဇမ္ဗူတောင်ညာ”**(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက **“သည်ဆောင်းဟေမန်”**(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ကျွန်းကျွန်းပိုင်သ”**(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“တောဟေဝန်လယ်”**(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**“ရွှေမင်းဂံ”**(ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ရွှေမင်းဂံ”**(ကာလပေါ်) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

တိုင်းရင်းသားတို့၏ ရိုးရာတူရိယာ အလွှတ်တန်းအဆင့်အတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ မွန်ရိုးရာတူရိယာအဖွဲ့၊ ကချင်ရိုးရာတူရိယာဂီတသံစဉ်အဖွဲ့၊ ရခိုင်ရိုးရာတူရိယာအဖွဲ့၊ကရင်ရိုးရာတူရိယာအဖွဲ့၊ ချင်းရိုးရာတူရိယာအဖွဲ့၊ ရှမ်းရိုးရာတူရိယာအဖွဲ့နှင့် ကယားရိုးရာတူရိယာအဖွဲ့တို့က မိမိတို့၏ရိုးရာဓလေ့စရိုက်များ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုပေါ်လွင်စေမည့် အဆို၊ အကများနှင့်အတူ မြိုင်ဆိုင်လှသည့် တီးလုံးတီးကွက်များပေါင်းစပ်၍ လက်စွမ်းပြ တီးခတ်ယှဉ်ပြိုင်ကြသည်။



ပတ္တလားအတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊မကွေးတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ညင်းညင်း”**(မွန်)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက **“ခိုင်ပန်းစုံ”**(ထပ်တွန့် ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မင်္ဂလာသီရိ”**(ဘွဲ့)သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“လေပြည်ဆော်သွင်မြူး”**(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**“ဘုံဆောင်မြင့်”**(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ဘုံဆောင်မြင့်”**(ကြိုး) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မဟာသုတသောမဇာတ်တော်”**ဖြင့် ဇာတ်တော်၏အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှ



စွမ်းရည်ပြသ ဟောပြောယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် **“ဝေဿန္တရာ”** ဇာတ်တော်ကြီးဖြင့် ကရင်ပြည်နယ်ကိုယ်စားပြု**“ရွှေဖားစည်သံအောင်နန်းစံ”**ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့်

**စာမျက်နှာ ၁၈ သို့**

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများကို ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းအကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများကို ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ်- ၀၆၇ - ၄၃၁၀၆၂၊ ၀၆၇ - ၄၃၁၃၅၉၊ ၀၆၇ - ၄၃၁၀၆၇၊ ၀၆၇ - ၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်


## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် အောက်တိုဘာ ၁၉**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ကိုးပါး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နင်းဘိုမြို့၌ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းတို့သည် အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျဲ့ကျန်းပြည်နယ် နင်းဘိုမြို့ ရွှယ်တုံးတောင်၌ ကျင်းပပြုလုပ်သည့် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့တက်ရောက်ပြီး ခရီးစဉ်အတွင်း Howard Johnson ဟိုတယ်ဧည့်ခန်းမ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော်ကြီးများသည် The Buddhist Association of China ဥက္ကဋ္ဌ ဆရာတော် Yan Jue အမှူးပြုသော ဆရာတော်ကြီးများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် The Buddhist Association of China ဥက္ကဋ္ဌ ဆရာတော် Yan Jue က နောင်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဗုဒ္ဓဘာသာဆိုင်ရာ ဆွေးနွေးပွဲများ ကောင်းမွန်စွာကျင်းပနိုင်ရေးစီစဉ်သွားမည်ဖြစ်ကြောင်း၊ ယခု ဗုဒ္ဓဘာသာဖိုရမ်သို့ ကြွရောက်လာသော ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အဖွဲ့ဝင်ဆရာတော်များအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး အတွေ့အကြုံကောင်းများပြည့်ပြည့်ဝဝရယူနိုင်ကြပါစေကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက တရုတ်နိုင်ငံတွင် ယခုလို ဗုဒ္ဓဘာသာနှင့်ပတ်သက်သော အစည်းအဝေးကြီးကို ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များစုပေါင်းပြီး ညီညီညွတ်ညွတ် ပြုလုပ်ခြင်းသည် မိမိတို့ဗုဒ္ဓဘာသာအတွက် တိုးတက်ကြီးပွားကြောင်းဖြစ်သည့် အကြောင်းတရားတစ်ခုဖြစ်ကြောင်း၊ အခါအခွင့်သင့်ပါက တရုတ်နိုင်ငံမှ စွယ်တော်မြတ်အား မြန်မာနိုင်ငံသို့ ပင့်ဆောင်လိုပါကြောင်းဖြင့် ဆွေးနွေးလျှောက်ထားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် The Buddhist Association of China ဥက္ကဋ္ဌဆရာတော် Yan Jue အမှူးပြုသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၈ ရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် China Association for International Friendly Contact ဒုတိယဥက္ကဋ္ဌ Mr. Luo Yu Hai၊ Southern China Association for International Friendly Contact ဒုတိယဥက္ကဋ္ဌ Mr. Liu Xiao Ming၊ Yunnan Association for International Friendly Contact ဥက္ကဋ္ဌ Mr. Chen Taoနှင့် တွေ့ဆုံ၍ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များပိုမိုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**စာမျက်နှာ ၁၇ မှအဆက်**

အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လပြာပြင်ဇာတ်ရုံ၌ ကျင်းပရာဇာတ်တော်ကြီးအဖွဲ့လိုက်ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် “မဟာဇနက”ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ရွှေမင်းသားလေးကောင်းစစ်ဟိန်း ဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆိုငိုပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီးယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးအောင်ကျော်ဟိုး၊ ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

(၁၄-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

### ဗ

ဗသည်မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ အနက်မရှိသဖြင့် အဓိပ္ပာယ်လည်းမရှိပေ။ သို့ရာတွင် မြန်မာစာပေ၌ ဗ ဗျည်းအက္ခရာဖြင့် ရေးသားသုံးနှုန်းနေကြသော ဝေါဟာရများကို တွေ့မြင်နေရပါသည်။ ဤသို့တွေ့နေရသည်မှာ ဗတွင်အနက်၊ အဓိပ္ပာယ် ရှိနေခြင်းကြောင့်မဟုတ်။ ဗ အရေးအားလုံးသည် အသံပြောင်းရေးသော အသံစွဲအရေးသော်လည်းကောင်း၊ မွေးစားဝေါဟာရသော်လည်း ကောင်းဖြစ်သည်ကို တွေ့ရပါမည်။

**သာဓက။** ။

**ဗလိနတ်စာ**၊ န- နတ်ပူဇော်ရန် စားဖွယ်။ [ပါ၊ ဗလိ + နာထ + မြန်၊ စားဖွယ်]

**ဗဟုသုတ**၊ န - များပြားသော အကြားအမြင် အတွေ့အကြုံ။ [ပါ၊ ဗဟုဿုတ]

**ဗာဒံ**၊ န - အကိုင်းအခက် ဘေးပတ်လည်တည့်တည့် ဖြာထွက်သည့် အစေ့အဆန်ကိုစားရသော ရွက်ကြွေပင်စောက် တစ်မျိုး။[သ၊ ဝါတမ္ဗ]

**ဗာဟီရကိစ္စ**၊ န - အမည်မတပ်သာသော ကိစ္စအထွေထွေ။ [ပါ၊ ဗာဟိရ + ကိစ္စ]

**ဗိမာန်**၊ န - မွန်မြတ်သော အဆောက်အအုံ။ [ပါ၊ ဝိမာန]

**ဗေဒင်**၊ န - ၁၊ ဝေဒ၏အစိတ်အပိုင်းဖြစ်သော ကျမ်းခြောက်မျိုး။ ၂၊ မွေးသက္ကရာဇ် စသည်ကို အခြေခံ၍ ကောင်းကျိုးဆိုးပြစ်ကို တွက်ချက်ဟောပြောသောပညာ။ [ပါ၊ ဝေဒင်္ဂ]

**ဗောင်းတော်**၊ န - ဘုရင်၊ နတ် စသည်တို့၏ ခေါင်းပေါင်းတစ်မျိုး။ [ မြန်၊ ပေါင်းတော်]

**ဗုဒ္ဓဝင်**၊ န - မြတ်စွာဘုရား၏ ဘဝဖြစ်တော်စဉ်။ [ပါ၊ ဗုဒ္ဓဝံသ]

**ဗြဲတိုက်**၊ န - ၁၊ လူပျိုတော်သားတို့ ခစားရသည့် အဆောင်။ ၂၊ မြန်မာမင်းလက်ထက် အတွင်းဝန်လေးယောက် စသည်တို့ အမှုထမ်းရွက်ရာဖြစ်သော အတွင်းရုံး။ [မွန်၊ ဗာ + မြန်၊ တိုက်]

**ဖြက်**၊ န- မျက်နှာပြင်အနံ။ [ မြန်၊ ပြက်]

**ဗွက်**၊ န- မြေပြင်တွင် ရေဝပ်သဖြင့် ဖြစ်ပေါ်သော မြေပျော့။ [ မြန်၊ ပွက်]

### ဘ

ဘ သည် မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ အနက်မရှိသဖြင့် အဓိပ္ပာယ်လည်းမရှိပေ။ သို့ရာတွင် မြန်မာစာပေတွင် ဘဖြင့် ရေးသားသုံးနှုန်းနေကြသော ဝေါဟာရများကို တွေ့ရပါမည်။

ဘ သည် မြန်မာဘာသာတွင် ပင်ကိုအားဖြင့် အနက်၊ အဓိပ္ပာယ် မရှိသော်လည်း အသံလှယ်၍သုံးသော အသံစွဲဝေါဟာရများနှင့် မွေးစားဝေါဟာရများအတွက် အသုံးပြုရေးသားရာတွင် အသုံးဝင်နေပါသည်။

**သာဓက။** ။

**ဘကြီး**၊ န- ဖခင်၏အစ်ကို။ [ မြန်၊ ဖကြီး (အနက်စွဲအရေး ဖ၊ အသံစွဲအရေး ဘ)]

**ဘနန်း**၊ စည်း- လုနီးပါး။ [ မြန်၊ ဖွယ်နန်း]

**ဘရာစီယာ**၊ န- အမျိုးသမီးများဝတ်သည့် အတွင်းခံရင်စည်း။ [ပြင်သစ်၊ brassiere ]

**ဘရိတ်အုပ်**၊ ကြိ - ၁၊ ဘရိတ်ဖြင့်အရှိန်ကိုသတ်သည်။ ၂၊ [ဥပစာ] ပြောဆိုပြုလုပ်နေသည့် အရှိန်ကို ရုတ်တရက် ထိန်းချုပ်သည်။ [လိပ်၊ brake + မြန်၊ အုပ်]

**ဘဝဂ်**၊ န - ၃၁ဘုံတွင် အထက်ဆုံးဘုံ။ (နေဝသညာနာသညာယတနဘုံ။)[ပါ၊ ဘဝဂ္ဂ]

**ဘာဂျာ**၊ န - ၁၊ ပါးစပ်ဖြင့် မှုတ်ရသော သံစုံထွက်တူရိယာ တစ်မျိုး။ ၂၊ လက်နှိပ်ခလုတ်များကိုနှိပ်၍ သံစုံမြည်စေသော တူရိယာတစ်မျိုး။ [ဟိန္ဒီ၊ ဗာဇာ]

**ဘိသိက်**၊ န- ရေစင်သွန်း၍ မင်္ဂလာပြုခြင်း။ [ပါ၊ အဘိသေက]

**ဘူမိနက်သန်**၊ န- မြေကြန်လက္ခဏာ ညီညွတ်သော အောင်မြေ။ [သ၊ ဘူမိလက္ခဏ]

**ဘူးတောင်း**၊ န - အများအားဖြင့် ရေထည့်ဆောင်လေ့ရှိသော ဘူးခါးသီးခြောက်အခွံ။ [ မြန်၊ ဖူးတောင်း]

**ဘွဲ့**၊ န - ၁၊ထူးခြားပြောင်မြောက်သော စွမ်းဆောင်မှုအတွက် ဂုဏ်ပြုချီးမြှင့်သော အမည်အရည်တံဆိပ်။ ၂၊ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့၏အမည်။ ၃၊ သတ်မှတ်ထားသော တက္ကသိုလ်ပညာရည်အဆင့်တစ်ခုခုကို အောင်မြင်သူအား ချီးမြှင့်သော အမည်အရည်။ [ မြန်၊ ဖွဲ့]

### မ

**မ**၏အနက်လည်း "ပေါင်းစည်းခြင်း" ပင်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် **မ** ကို ကြိယာအနက်၊ နာမဝိသေသနအနက် နှစ်မျိုးတို့ကိုအခြေပြု၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။ ကြိယာအဖြစ်ပြထားသည်မှာ "မ၊ ကြိ- ၁၊ ချီပင့်သည်။ ၂၊ ထောက်ပံ့သည်။ ကူညီချီးမြှောက်သည်။ ၃၊ ထိန်းသိမ်းဆောင်ယူသည်" "ဆိတ်အုပ်ကို**မ**သည်" ဟူ၍ ဖြစ်ပါသည်။

ဤတွင် ချီပင့်သည် ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ထိတွေ့ပင့်ချီမြှောက်တင်သည့်သဘောဖြစ်သည်။ ပစ္စည်းတစ်ခုခုကို လက်စသည့် တစ်စုံတစ်ရာဖြင့် ပင့်ချီမြှောက်တင်သည်ဟု ဆိုလိုသည်။ ထိတွေ့သည့် အနက်၊ ဆက်စပ်သည့်အနက်၊ ပေါင်းစည်းသည့်အနက်ကို အခြေခံပါသည်။ လူအားဖြင့်လည်း **မ** နိုင်ပါသည်။ စက်အားဖြင့်လည်း **မ** နိုင်ပါသည်။ မူလတည်နေရာမှ မြောက်ကြွအောင်ပြုသည့် သဘောဖြစ်ပါသည်။ တစ်စုံတစ်ရာသောအားနှင့် ဆက်စပ်ပေါင်းစည်းမှ **မ** သည့်ကိစ္စ၊ ချီပင့်သည့်ကိစ္စ ပြီးမြောက်နိုင်ပါသည်။

ထောက်ပံ့သည်၏အဓိပ္ပာယ်မှာ လူတစ်ဦးတစ်ယောက် အသင်းအဖွဲ့တစ်ခုခု စသည်ကို မြှောက်ပေး၊ ပင့်ပေးသည့်သဘောဖြစ်သည်။ နိမ့်ကျနေ၍ဖြစ်စေ၊ လိုအပ်၍ဖြစ်စေ ပံ့ပိုးမြှောက်ပင့်သည့်သဘောဖြစ်သည်။ မြင့်အောင်၊ မြောက်အောင်ပြုခြင်း ဖြစ်သဖြင့် **မ** သည်ဟု ဆိုသည်။ လိုအပ်သည်ကို ထောက်ပံ့ပေးသဖြင့်လည်း ကူညီသည်ဟု ဆိုရသည်။ ချီသည်၊ ပင့်သည်၊ မြှောက်သည် စသည်ကိုလည်း **မ** ကဲ့သို့ပင် ပေါင်းစည်းအနက်ဖြစ်သည်။

ဆိတ်အုပ်ကြီးကို **မ** သွားသည်ဟုဆိုရာတွင် ဆိတ်အုပ်ကို တကယ် ချီမသွားခြင်း မဟုတ်သော်လည်း ပွေ့ချီမယူသွားဘိသကဲ့သို့ ထိန်းထိန်းသိမ်းသိမ်းဆောင်ယူသွားသည့် အဓိပ္ပာယ်ဖြစ်သည်။ တကယ်ချီမပွေ့ယူ သွားသကဲ့သို့ မြင်ယောင်စေသည်။ ပွေ့ပိုက်ပေါင်းစည်းသည့်သဘောဖြစ်သည်။ ဤသည်တို့မှာ **မ** ၏ ကြိယာအနက်များဖြစ်သည်။


**မ** တွင်ဂုဏ်ရည်အနက်လည်းရှိသည်။ နာမဝိသေသနဟုခေါ်သည်။ မြန်မာအဘိဓာန်တွင် **မ** ၏ နာမဝိသေသနအနက်ကို **မ**၊ နဝိ-၁၊ အရင်းမူလဖြစ်သော။ "အိမ်မ" ၂၊ ကြီးသော။ "လမ်းမ" ဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။


ဤတွင် အိမ်မ ဆိုသည်မှာ အရင်းမူလဖြစ်သော အိမ်ဟုအဓိပ္ပာယ်ရပါသည်။ အရင်းမူလဟုဆိုသဖြင့် အဆွယ်အပွားအဆောင်များနှင့် ပေါင်းစည်းဆက်စပ်လျက်ရှိသည်ကို သိစေပါသည်။ "မ" တွင် ပေါင်းစည်းခြင်းအနက်ရှိပါသည်။ တစ်ဖန် လမ်းမဟူသော အသုံးမျိုးလည်းရှိပါသည်။ လမ်းမမှ မ၏ အနက်သည် အရင်းမူလပဓာနကျသော အနက်ရှိရုံမျှမက ကြီးမားသောဟူသည့် အနက်လည်းရှိပါသည်။ ကြီးမားခြင်းနှင့် အရင်းမူလဖြစ်ခြင်းတို့သည်လည်း အပြန်အလှန်အားဖြင့် အနက်ဆက်နွယ်နေပါသည်။ ကြီးမားခြင်းသည် အရင်းမူလဖြစ်ခြင်းကို ဖြစ်စေ၍ အရင်းမူလဖြစ်ခြင်းသည် ကြီးမားခြင်းကို ဖြစ်စေပါသည်။ ဤတွင် ကြီးမားခြင်းသည် ပေါင်းစည်းခြင်းပင်ဖြစ်သည်။ ပေါင်းစည်းခြင်းသည် များပြားခြင်း၊ ကြီးမားခြင်း၊ မြင့်မားခြင်း၊ နက်ရှိုင်းခြင်း၊ ရှည်လျားခြင်းတို့ကို ဖြစ်စေပါသည်။ တစ်လက်မ စတုရန်းရှိ အန်စာတုံးတစ်တုံးကို နှိုင်းယှဉ်ခြင်းအားဖြင့် ကြီးသည်ဟုလည်းကောင်း၊ သေးငယ်သည်ဟုလည်းကောင်း ဆိုနိုင်ပါသည်။ တစ်ခုတည်းဖြစ်ခြင်းကြောင့် နည်းသည်၊သေးသည် ဟု ဆိုပါစို့။ တစ်လက်မ အန်စာတုံးတစ်သောင်းကို စုပုံပေါင်းစည်းလိုက်လျှင် များသည်ဟု ဆိုကြပေမည်။ ထိုတစ်လက်မ အန်စာတုံးတစ်သောင်းကိုပင် စနစ်တကျ ဆက်စပ်၍ လက်မတစ်ရာ စတုရန်းရှိ အန်စာတုံးအဖြစ် ပေါင်းစည်းလိုက်လျှင် ကြီးသည်ဟုဆိုကြမည်။ ထိုအန်စာတုံးတစ်သောင်းကိုပင် ဒေါင်လိုက် ဆက်စပ်ပေါင်းစည်းလျှင် လက်မတစ်သောင်းမြင့်သည်ဟု ဆိုကြပေမည်။ အောက်ဘက်သို့ ဆက်စပ်ပေါင်းစည်းလျှင် လက်မတစ်သောင်းနက်၍ အလျားလိုက် ဆက်စပ်ပေါင်းစည်းလျှင် လက်မတစ်သောင်း ရှည်လျားသည်ဟု ဆိုကြပေမည်။ သဘောတရားများခြင်း၊ ကြီးခြင်း၊ မြင့်ခြင်း၊ နိမ့်ခြင်း၊ ရှည်ခြင်းတို့သည် အတူတူပင်ဖြစ်သည်ဟု ဆိုရမည်။

(ဆက်လက်ဖော်ပြပါမည်)

---

❑ **လေဖိအားနည်းဆဲလ်မှအဆက်**




အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီး၌လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကျောင်းသား တစ်ဦးကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင် စရိတ်များ ထောက်ပံ့ ပေးအပ်စဉ်။

# မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၆၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများကသွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နှင့် တာလေမြို့တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၃ မြို့နယ်တို့၌ လည်းကောင်း စာသင်ကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာ ဝန်ထမ်းများ၊ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။



နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ကော့သောင်းမြို့ အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

# မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းသပိတ်လောင်းလှူပွဲကျင်းပ



**မန္တလေး အောက်တိုဘာ ၁၉**

မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိဘုရား (၁၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် လေးပြင်လေးရပ်မှ ပင့်သံဃာအပါး ၂၇၀၀ အား သံဃာ့ဒါန ဆွမ်းသပိတ်လောင်းလှူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ရှိမဟာလောကမာရဇိန် ကုသိုလ်တော် စေတီတော် ရင်ပြင်အင်္ဂါထောင့်နှင့် တောင်ဘက်စောင်းတန်းတို့တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရ ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဘုရားဖူးဧည့်ပရိသတ်များ တက်ရောက်ကြည်ညို လောင်းလှူကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအား ဖူးမြော် ကြည်ညို၍ စေတီတော်အား လှည့်လည်ဖူးမြော်ကြပြီး ရင်ပြင်တော်အင်္ဂါထောင့်တွင် သံဃာ့ဒါနဆွမ်းသပိတ်များ လောင်းလှူကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ အလှူရှင်များက လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား ဆွမ်းသပိတ်များ၊နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြပြီး ရင်ပြင်တော်အင်္ဂါထောင့်နှင့် တောင်ဘက်စောင်းတန်းတို့တွင် လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား သံဃာ့ဒါန ဆွမ်းသပိတ်များ လောင်းလှူနေမှုများကို လိုက်လံကြည့်ရှုကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဂေါပအဖွဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားတို့တွင် တပ်ဆင်မည့်ဘုရားဖူးလမ်းညွှန်(Pagoda Ditgital Directory) ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း သိရသည်။ (မိုး/ဇလ)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၀၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ ရွှေဆွဲကြိုးများ အကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားသုံးဦးကို သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



မန္တလေးမြို့ပေါ် ရပ်ကွက်များအတွင်း သွားလာနေသည့် ပြည်သူများထံမှ ရွှေဆွဲကြိုးများ အကြိမ်ကြိမ်လုယက်မှု ကျူးလွန်ခဲ့သည့် တရားခံများကို သက်သေခံ ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။




မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း သွားလာနေသည့် ပြည်သူများထံမှ ရွှေဆွဲကြိုးများ အကြိမ်ကြိမ် လုယက်မှုကျူးလွန်ခဲ့သည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၁၉**

မန္တလေးမြို့ပေါ် ရပ်ကွက်များအတွင်း ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲတိုက်ခိုက်မှုများ ကျူးလွန်ခြင်း၊ ခားပြမှု၊ လုယက်မှုနှင့် ဒုစရိုက်မှုများ ကျူးလွန်ခြင်းတို့မဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်ခြင်း၊ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်း၊ ရှောင်တခင်ဧည့်စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီးဖြစ်ပွားခဲ့သည့် ပြစ်မှုများမှ တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နေ့၊ညမပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သူ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ကျူးကျော်တဲ နေသူများဖြစ်ကြသည့် ဇော်လင်းအောင် (ခ) မဲကြီး ၃၆ နှစ် (ဘ) ဦးဇော်ဝင်းကို ယနေ့နံနက် ၈ နာရီတွင် ၎င်း၏ နေအိမ်၌လည်းကောင်း၊ ထွန်းတောက်လင်း (ခ) ဖက်တီး ၂၂ နှစ် (ဘ) ဦးဝင်းဆောင်ကို နံနက် ၁၁ နာရီတွင် ပုသိမ်ကြီးမြို့နယ် စည်သာယာရပ်ကွက်ရှိ ၎င်း၏ အဒေါ်ဖြစ်သူနေအိမ်၌လည်းကောင်း၊ သိန်းဝင်းအောင်(ခ) စွေစောင်း ၁၉ နှစ် (ဘ) ဦးဇော်ဝင်းကို နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ၎င်း၏ နေအိမ်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်လင်းအောင် (ခ)မဲကြီးပါသုံးဦးတို့ကို စစ်ဆေးဖော်ထုတ်ချက်များအရ ဇော်လင်းအောင်(ခ)မဲကြီးနှင့် ထွန်းတောက်လင်း(ခ)ဖက်တီးတို့မှ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း၌ စက်မှုဈေးတောင်ဘက် နှစ်လမ်းမြောက်တွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦး၊ ငွေတော်ကျီကုန်းဈေး သုံးလမ်းမြောက်တွင် စက်ဘီးစီးနင်းလာသည့် အမျိုးသားတစ်ဦး၊ ၅၇ လမ်း မနော်ဟရီလမ်းအကွေ့တွင် လမ်းလျှောက်လာသည့် အမျိုးသားတစ်ဦး၊ ၅၃ လမ်း မနော်ဟရီလမ်းတောင်ဘက် နှစ်လမ်းမြောက်တွင် စက်ဘီးစီးနင်းလာသည့် အမျိုးသားတစ်ဦး၊ လမ်း ၆၀၊ ၁၃၁ လမ်း စက်မှုဈေးမြောက်ဘက်တွင် ဆိုင်ကယ်မောင်းနှင်လာသည့်အမျိုးသားတစ်ဦး၊ ၅၈ လမ်း၊ ၁၀၆ လမ်းနှင့် ၁၀၇ လမ်းကြားတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးနှင့် ၅၈ လမ်း၊ လမ်း ၃၀ နှင့် ၃၅ လမ်းကြားတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးတို့ထံမှ လုယက်မှု ခုနစ်ကြိမ်၊ ဇူလိုင်လအတွင်း၌ (ဆ)ရပ်ကွက် အေးမေတ္တာဈေး ၅၁ လမ်းနှင့် ၁၂၉ လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦး၊ ၆၂ လမ်းနှင့် ၁၂၀ လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးနှင့် စက်မှုပန်းခြံအကျော် သုံးလမ်းမြောက် စွယ်တော်ကားကွင်းသွားသည့် လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးတို့ထံမှ လုယက်မှု သုံးကြိမ်၊ ဩဂုတ်လအတွင်း၌ လမ်း ၃၀ နှင့် ၆၃ လမ်းတွင် လမ်းလျှောက်လာသည့်အမျိုးသမီးတစ်ဦးနှင့် ၁၀၇ လမ်း၊ ၅၅ လမ်းနှင့် ၅၆ လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးတို့ထံမှ လုယက်မှု နှစ်ကြိမ်၊ စက်တင်ဘာလအတွင်း၌ ၆၂ လမ်းနှင့် ၆၃ လမ်းကြား မနော်ရဟီလမ်းတွင် လမ်းလျှောက်လာသည့်အမျိုးသားတစ်ဦးထံမှ လုယက်မှုတစ်ကြိမ်၊ စုစုပေါင်း လုယက်မှု ၁၃ ကြိမ်ကို ထွန်းတောက်လင်း (ခ)ဖက်တီးက ဆိုင်ကယ်မောင်းနှင်ပြီး ဇော်လင်းအောင်(ခ)မဲကြီးက နောက်မှထိုင်၍ လိုက်ပါကာ လမ်းသွားလမ်းလာ ပြည်သူများထံမှ ဆွဲကြိုးဖြတ်လုယက်မှု ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း။

သိန်းဝင်းအောင် (ခ) စွေစောင်းနှင့် ထွန်းတောက်လင်း (ခ) ဖက်တီးတို့က ဩဂုတ်လအတွင်း၌ ၅၈ လမ်းနှင့် ၅၉ လမ်းကြား ၁၃၂ လမ်းနှင့် ၁၃၃ လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးထံမှ လုယက်မှုတစ်ကြိမ်၊ စက်တင်ဘာလအတွင်း၌ ၅၈ လမ်းနှင့် ၅၉ လမ်းကြား၊ ၁၁၄ လမ်းနှင့် ၁၁၅ လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးနှင့် အောင်ပင်လယ် ရပ်ကွက် လမ်းမမှတ်မိတွင် ရေသန့်ဝယ်ယူနေသည့် အမျိုးသမီးတစ်ဦးတို့ထံမှ လုယက်မှုနှစ်ကြိမ် စုစုပေါင်းလုယက်မှု သုံးကြိမ်ကို သိန်းဝင်းအောင်(ခ)စွေစောင်းက ဆိုင်ကယ်မောင်းနှင်ပြီး ထွန်းတောက်လင်း(ခ)ဖက်တီးက နောက်မှထိုင်၍ လိုက်ပါကာ လမ်းသွားလမ်းလာပြည်သူများထံမှ ဆွဲကြိုးဖြတ်လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

စစ်ဆေး ဖော်ထုတ်ချက်များအရ ဇော်လင်းအောင်(ခ)မဲကြီး၊ သိန်းဝင်းအောင်(ခ)စွေစောင်းနှင့် ထွန်းတောက်လင်း(ခ)ဖက်တီးတို့ သုံးဦးသည် မန္တလေးမြို့ပေါ် ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ စုစုပေါင်း လုယက်မှု ၁၆ ကြိမ်ကျူးလွန်ခဲ့ကြကြောင်း သိရှိရပြီး အဆိုပါလုယက်မှုများမှ ရရှိခဲ့သည့် သက်သေခံရွှေထည်ပစ္စည်းများကို ၎င်းတို့ထုခွဲရောင်းချခဲ့သည့် သက်ဆိုင်ရာနေရာအသီးသီးမှ သက်သေများနှင့်အတူ ရှာဖွေသိမ်းဆည်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်များတွင် မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများကို ဆိုင်ကယ်ဖြင့် နောက်မှလိုက်၍ လုယက်မှုကျူးလွန်ခဲ့ကြသူ တရားခံ ဇော်လင်းအောင်(ခ)မဲကြီး၊ သိန်းဝင်းအောင် (ခ) စွေစောင်းနှင့် ထွန်းတောက်လင်း (ခ) ဖက်တီးတို့ကို သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် အမှုများဖွင့်လှစ်ထားရှိပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ရပ်ရွာများအတွင်း အလားတူ ဒုစရိုက်မှုများမဖြစ်ပွားစေရေးနှင့် ဒုစရိုက်သမားများ၏ လှုပ်ရှားဆောင်ရွက်မှုသတင်းများကို တွေ့ရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က အသိပေးသတင်းထုတ်ပြန်ထားကြောင်းသတင်းရရှိသည်။ **(၅၀၁)**

---

**☆ ကျောဖုံးမှအဆက်**

ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ မြိုင်ကလေးသို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၂၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi CanterTruck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Daihatsu Hijet တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၇၂၀၀၀၀




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်းနှင့် ရှမ်းပြည်နယ်တို့၌ ဖမ်းဆီးရမိမှု။

ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၂၄၉ တန်၊ သစ်မာ ၄ ဒသမ ၆၆၀ တန်၊ အခြားသစ် ၃ ဒသမ ၅၁၁တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၁၆၃၈၇ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၅ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၁ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၈၈၀၄၃၄ ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် လူသုံးကုန်ပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရ၍ သုံးစွဲသူပြည်သူများအတွက် ဘေးအန္တရာယ်ထိခိုက်နစ်နာမှုများဖြစ်စေနိုင်ခြင်းနှင့်နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် တရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# သမိုင်းထဲက တုပ်ကွေးရောဂါအကြောင်း အပိုင်း-၂

**❖ တုပ်ကွေးကို ကပ်ရောဂါအသွင်မဖြစ်ပွားစေရေးအတွက် ကာကွယ်ဆေးထိုးနှံ့ရန်အရေးကြီးသည်။ ကာကွယ်ဆေးဆိုရာတွင် အခြားသော ကူးစက်ရောဂါများ၏ကာကွယ်ဆေးနှင့်မတူဘဲ ရာသီအလိုက်ပြောင်းလဲနေသည့်တုပ်ကွေးပိုး မူကွဲမျိုးကွဲများအလိုက် ဖော်စပ်ထားသည့် ကာကွယ်ဆေးများကိုထိုးနှံ့ကြရန်ဖြစ်သည်။ ရာသီတုပ်ကွေးကာကွယ်ဆေးကို အချိန်မီဖော်ထုတ်နိုင်ရန်အတွက် နောက်ဆုံးပေါ်ပေါက်လာသည့် တုပ်ကွေးဗိုင်းရပ်မူကွဲသစ်ကို အရင်ဖော်ထုတ်နိုင်ရန် လိုအပ်သည်။ ထို့ကြောင့်လည်း WHO ၏ဦးဆောင်မှုဖြင့် တုပ်ကွေးရောဂါစောင့်ကြည့်စစ်ဆေးရေးဌာနများကို ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ထားခြင်းဖြစ်သည်။ ❖**

**၁၉၅၇ ခုနှစ်က ကမ္ဘာ့လူတုပ်ကွေး**

၁၉၅၇ ခုနှစ်အစောပိုင်းက တရုတ်နိုင်ငံ တောင်ပိုင်းတွင် တုပ်ကွေးရောဂါများ အဖြစ်များလာသည်။ နှစ်လအတွင်း တရုတ်တစ်နိုင်ငံလုံးကို ပျံ့နှံ့သွားသည်။ ထိုအချိန်က တရုတ်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်မဖြစ်သေးပေ။ ထို့အတွက် ကမ္ဘာ့နိုင်ငံများကိုလည်း တုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး အသိပေးနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ သည်တစ်ကြိမ် တုပ်ကွေးသည် ၁၉၁၈ ခုနှစ်က တုပ်ကွေးနှင့်မတူပေ။ လူများမျိုးဆက်ကွာဟသွားသကဲ့သို့ တုပ်ကွေးဗိုင်းရပ်မျိုးဆက်သည်လည်း ကွာခြားသွားခဲ့ပြီဖြစ်သည်။ $H_2N_2$ အမည်ရသည့် တုပ်ကွေးဗိုင်းရပ်ပိုးသစ်ဖြစ်သည်။ လူတွင်ဖြစ်သည့် တုပ်ကွေးဗိုင်းရပ်နှင့် ဘဲရိုင်းများတွင်ဖြစ်သည့် တုပ်ကွေးပိုးနှစ်မျိုးပေါင်းစပ်ပြီး အသစ်ဖြစ်ပေါ်လာသည့် တုပ်ကွေးဗိုင်းရပ်မူသစ်ဖြစ်သည်။

တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် လူတုပ်ကွေးအကြောင်းကို အမေရိကန် အဏုဇီဝပညာရှင်တစ်ဦးဖြစ်သည့် ဒေါက်တာမောရစ်ကစပြီး သတိပေးခေါင်းလောင်းထိုးခဲ့သည်။ ၁၉၅၇ ခုနှစ် ဧပြီလထုတ် New York Times သတင်းစာတွင် ဟောင်ကောင်၌ဖြစ်ပွားနေသည့် ထောင်နှင့်ချီသော တုပ်ကွေးလူနာများအကြောင်း ဆောင်းပါးတစ်ပုဒ်ပါလာခဲ့သည်။ တုပ်ကွေးဗိုင်းရပ်၏နမူနာကို ဂျပန်တွင် တာဝန်ထမ်းဆောင်နေသည့် အမေရိကန်ရေတပ်ဆရာဝန်များက ရယူစုဆောင်းပေးသည်။ ဒေါက်တာမောရစ်က ဗိုင်းရပ်နမူနာများကို စစ်ဆေးပြီး ကမ္ဘာ့လူတုပ်ကွေးကပ်ဘေးကြီး ထပ်မံဖြစ်ပွားနိုင်သည်ဟု သတိပေးခဲ့သည်။ ၁၉၅၇ ခုနှစ် ဇွန်လတွင် အာရှတိုက်မှ ပြန်လည်ရောက်ရှိလာသည့် အမေရိကန်စစ်သည်တစ်ဦးက တရုတ်တုပ်ကွေးပိုးသစ်ကို အမေရိကန်နိုင်ငံသို့ သယ်ဆောင်လာခဲ့သည်။ သည်လိုနှင့် 'အာရှတုပ်ကွေး' ဟုအမည်တွင်ခဲ့သည့် ၁၉၅၇ ခုနှစ် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် အမေရိကန်နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့သည်။ အာရှတုပ်ကွေးပထမလှိုင်းသည် ၁၉၅၇ ခုနှစ် အောက်တိုဘာလတွင်စတင်ခဲ့ပြီး ကျောင်းနေအရွယ်ကလေးငယ်များ အများဆုံးကူးစက်ခံကြရသည်။ ဒုတိယလှိုင်းတွင် သက်ကြီးပိုင်း အမေရိကန်များ အဖြစ်များခဲ့ပြီး သေဆုံးမှုလည်းများခဲ့သည်။

သည်တစ်ကြိမ်တွင် ပညာရှင်များ၏ခန့်မှန်းချက်၊ သတိပေးချက်များက အလဟဿမဖြစ်တော့ပေ။ ဒေါက်တာမောရစ် သတိပေးပြီး မကြာမီ၌ပင် အာရှတုပ်ကွေးအတွက် သီးသန့်ဖော်ထုတ်ထားသည့် တုပ်ကွေးကာကွယ်ဆေးသစ်များ ၁၉၅၇ ခုနှစ် စက်တင်ဘာလတွင် ထွက်ပေါ်လာခဲ့သည်။ တစ်နိုင်ငံလုံး မထိုးမနေရစနစ်ဖြင့် ကာကွယ်ဆေးထိုးနှံ့သင့်ကြောင်း အမေရိကန်ပြည်သူ့ကျန်းမာရေးဌာနအကြီးအကဲက အကြံပြုခဲ့သော်လည်း အစိုးရက အပြည့်အဝလိုက်မလုပ်ပေးနိုင်ခဲ့ပေ။ ကာကွယ်ဆေးထိုးနှံ့နိုင်ခဲ့သူ အမေရိကန်နိုင်ငံသား သန်း ၃၀ သာရှိခဲ့သည်။ ထိုစဉ်က အမေရိကန်လူဦးရေ၏ ၁၈ ရာခိုင်နှုန်းသာ ထိုးနှံ့နိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၅၇ ခုနှစ် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ (အာရှတုပ်ကွေး)ကြောင့် ကမ္ဘာတစ်ဝန်း လူတစ်သန်းမှ လေးသန်းထိ သေဆုံးခဲ့သည်။ အမေရိကန်နိုင်ငံတွင် ရောဂါကူးစက်ခံခဲ့ရသူသန်း ၂၀ ရှိပြီး ဦးရေ ၁၁၆၀၀၀ သေဆုံးခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ၁၉၅၈ ခုနှစ် ဖေဖော်ဝါရီလ တုပ်ကွေးရာသီ အမြင့်ဆုံးရောက်နေချိန်တွင် အချိန်မီထိုးနှံ့နိုင်ခဲ့သည့် ကာကွယ်ဆေးအစွမ်းကြောင့် အမေရိကန်နိုင်ငံသား တစ်သန်းခန့်၏အသက်ကို ကယ်တင်နိုင်ခဲ့သည်ဟုခန့်မှန်းကြသည်။ ထိုစဉ်က သမ္မတ အိုင်စင်ဟောင်ဝါ၏မူဝါဒအရ တုပ်ကွေးကာကွယ်ဆေးကို ပုဂ္ဂလိကကဏ္ဍကသာ တာဝန်ယူဆောင်ရွက်ရမည်ဟု သတ်မှတ်ခဲ့သောကြောင့် ကျန်းမာရေးအာမခံ မဝယ်ယူထားသူများအတွက် ကာကွယ်ဆေးထိုးနှံ့ခွင့်မရဖြစ်ခဲ့ကြသည်။

**၁၉၆၈ ခုနှစ် ကမ္ဘာ့လူတုပ်ကွေး**

၁၉၆၈ ခုနှစ် ကမ္ဘာ့လူတုပ်ကွေး၏ ပထမဆုံးလူနာကို ၁၉၆၈ ခုနှစ် ဇူလိုင်လအတွင်းက တရုတ်နိုင်ငံတွင် စတင်တွေ့ရှိခဲ့သည်။ ပထမဆုံးလူနာကို တွေ့ရှိပြီး နှစ်ပတ်အတွင်း ဟောင်ကောင်၌ ရောဂါကူးစက်ခံရသူ ငါးသိန်းရှိလာသည်ထိ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။ ထို့ကြောင့် "ဟောင်ကောင်တုပ်ကွေး"ဟု အမည်တွင်ခဲ့သည်။ သည်တစ်ကြိမ် တုပ်ကွေးဗိုင်းရပ်မူကွဲအမျိုးအစားက $H_3N_2$ အမျိုးအစားဖြစ်သည်။ လူအချင်းချင်း ပိုမိုကူးစက်တတ်သည့်အမျိုးအစားဖြစ်သည်။ ကူးစက်မှုအလွန်မြန်ဆန်သော်လည်း ၁၉၁၈ ခုနှစ်နှင့် ၁၉၅၇ ခုနှစ်က ကမ္ဘာ့လူတုပ်ကွေးများလောက် မပြင်းထန်ပေ။ ဟောင်ကောင်တုပ်ကွေးအတွက် ကာကွယ်ဆေးမဖော်ထုတ်နိုင်မီတွင် လက်ရှိ ရှိနှင့်ပြီးနှစ်မျိုးစပ်နှင့် လေးမျိုးစပ် တုပ်ကွေးကာကွယ်ဆေးများကို ဆက်လက်သုံးစွဲရန်အတွက် အမေရိကန်ရောဂါထိန်းချုပ်ကာကွယ်ရေးဌာန (CDC) မှ ဆုံးဖြတ်ခဲ့သည်။ ဟောင်ကောင်တုပ်ကွေးအတွက် သီးသန့်ကာကွယ်ဆေးက တုပ်ကွေးဖြစ်ပွားမှု အမြင့်ဆုံးအချိန်ကိုရောက်ရှိပြီးမှ ထွက်ရှိလာခဲ့သည်။ ၁၉၆၈ ခုနှစ် ဟောင်ကောင်တုပ်ကွေးကြောင့် ကမ္ဘာတစ်ဝန်း လူဦးရေ တစ်သန်းခန့် သေဆုံးခဲ့ရပြီး အများစုအသက်အရွယ်ကြီးရင့်သူများဖြစ်သည်။

**၂၀၀၉ ခုနှစ် ကမ္ဘာ့လူတုပ်ကွေး**

၂၀၀၉ ခုနှစ် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ၏ ပထမဆုံးလူနာကို ၂၀၀၉ ခုနှစ် မတ်လအတွင်း မက္ကဆီကိုနိုင်ငံ၌ စတင်တွေ့ရှိခဲ့သည်။ ဧပြီလရောက်ချိန်တွင် တုပ်ကွေးကြောင့် ပထမဆုံးသေဆုံးသူရှိလာခဲ့သည်။ သည်တစ်ကြိမ် တုပ်ကွေးဗိုင်းရပ်မူကွဲအမျိုးအစားက $H_1N_1$ ဖြစ်သည်။

ငှက်တုပ်ကွေး၊ ဝက်တုပ်ကွေးနှင့် လူတုပ်ကွေး အမျိုးအစား သုံးမျိုးရောမွှေထားသည့် မူကွဲပုံစံသစ်ဖြစ်သည်။ သို့သော်လည်း ၂၀၀၉ ခုနှစ် လူတုပ်ကွေးကို 'ဝက်တုပ်ကွေး'ဟု လူသိများခဲ့ကြသည်။ ၂၀၀၉ ခုနှစ် ဝက်တုပ်ကွေးဒဏ်ကို ကမ္ဘာတစ်ဝန်း လူဦးရေ သန်း ၇၀၀ မှ သန်း ၁၄၀၀ ကြား ကူးစက်ခံခဲ့ကြရပြီး လူသုံးသိန်းခန့် သေဆုံးသည်ဟု ခန့်မှန်းကြသည်။

အမေရိကန်နိုင်ငံတွင် လူဦးရေ သန်း ၆၀ ခန့် ကူးစက်ခံခဲ့ကြရပြီး ဆေးရုံတက်ရသူဦးရေ ၂၇၄၀၀၀ ရှိခဲ့ကာ ဦးရေ ၁၂၅၀၀ သေဆုံးခဲ့ရသည်။ ၂၀၀၉ ခုနှစ်တွင် အမေရိကန်လူဦးရေ၏ ၄၁ ရာခိုင်နှုန်းထိ ထိုနှစ်အတွက် ရာသီတုပ်ကွေးကာကွယ်ဆေးထိုးနှံ့ခဲ့ပြီးဖြစ်သော်လည်း $H_1N_1$ ဝက်တုပ်ကွေး၏ဒဏ်ကိုကာကွယ်နိုင်ခဲ့ခြင်းမရှိကြောင်း တွေ့ရသည်။ ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် $H_1N_1$ အတွက် သီးသန့်ကာကွယ်ဆေး ပေါ်ထွက်လာခဲ့သည်။ သို့သော် အမေရိကန်လူဦးရေ၏ ၂၇ ရာခိုင်နှုန်းသာလျှင် ထိုကာကွယ်ဆေးကို ထိုးနှံ့နိုင်ခဲ့သည်။ မှတ်သားရန်အချက်မှာ အမေရိကန်ကျောင်းနေအရွယ်ကလေးငယ်များ၏ ၄၀ ရာခိုင်နှုန်းထိ ကျောင်းကာကွယ်ဆေးထိုးအစီအစဉ်များမှတစ်ဆင့် တုပ်ကွေးကာကွယ် ဆေးထိုးနှံ့ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

**တုပ်ကွေးရောဂါစောင့်ကြည့်စစ်ဆေးရေးအခြေအနေ**

တုပ်ကွေးရောဂါ စောင့်ကြည့်စစ်ဆေးရေးတွင် ဒေါက်တိုင်ကြီး လေးခုရှိသည်။ ဓာတ်ခွဲခန်းနမူနာများ စစ်ဆေးခြင်း၊ ပြင်ပလူနာများကို စောင့်ကြည့်ခြင်း၊ ဆေးရုံတက်လူနာများကို စောင့်ကြည့်ခြင်းနှင့် သေဆုံးမှုများကိုစောင့်ကြည့်ခြင်းတို့ဖြစ်သည်။ လက်ရှိနိုင်ငံပေါင်း ၁၁၄ နိုင်ငံတွင် တုပ်ကွေးရောဂါစောင့်ကြည့်စစ်ဆေးရေးနှင့်တုံ့ပြန်ရေးဌာန ၁၄၄ ခုရှိသည်။ ထိုဌာနများက သက်ဆိုင်ရာဒေသတွင်ရှိနေသည့် တုပ်ကွေးဗိုင်းရပ်များ၏ မူကွဲမျိုးကွဲအခြေအနေများကို WHO သို့ အဆက်မပြတ် သတင်းပေးပို့ပေးသည်။ အမေရိကန်ရောဂါထိန်းချုပ်ကာကွယ်ရေးဌာန (CDC) နှင့် တရုတ်နိုင်ငံတို့အနေဖြင့် ကမ္ဘာ့ကျန်းမာရေး လုံခြုံမှုနှင့် မိတ်ဖက်ဆက်ဆံရေးကို နှစ်ပေါင်း ၄၀ ကျော်ကြာ ဆောင်ရွက်နေခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ဘေးအတွင်း CDC သည် အသက်ရှူလမ်းကြောင်းဆိုင်ရာဗိုင်းရပ်ပိုးများ စောင့်ကြည့်စစ်ဆေးမှုကွန်ရက်ကို စတင်တည်ဆောက်ခဲ့သည်။ ထိုကွန်ရက်သည် ကိုဗစ်-၁၉၊ တုပ်ကွေးနှင့် RSV ဗိုင်းရပ်သုံးမျိုးကို အဓိကစစ်ဆေးလျက်ရှိသည်။ အမေရိကန်နိုင်ငံ ပြည်နယ်ပေါင်း ၅၀ ရှိ အရေးပေါ်ဌာန ၈၀ ရာခိုင်နှုန်းထံမှ သတင်းအချက်အလက်များကို ရယူစုဆောင်းလျက်ရှိသည်။

**တုပ်ကွေးကာကွယ်ထိုးဆေးလက်ရှိအခြေအနေ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်လျက် တစ်နှစ်လျှင်နှစ်ကြိမ် ရာသီတုပ်ကွေးကာကွယ်ဆေးကို ဖော်ထုတ်ပေးလျက်ရှိသည်။ ရာသီတုပ်ကွေးကာကွယ်ဆေးများ၏အစွမ်းအာနိသင်က ပြီးခဲ့သည့်နှစ်ပေါင်း ၂၀ အတွင်း ၄၀ မှ ၅၅ ရာခိုင်နှုန်းထိရှိခဲ့သည်။ ရာသီတုပ်ကွေးကာကွယ်ဆေးထိုးနှံ့သူဦးရေ ၁၀၀ တွင် အများဆုံး ၅၅ ဦးသာ တုပ်ကွေးရောဂါမဖြစ်မည့်အနေအထားဖြစ်သည်။ တုပ်ကွေးကာကွယ်ဆေးထိုးနှံ့ရာတွင် လူဦးရေအနည်းငယ်ကိုသာ ကာကွယ်ဆေးထိုးပေးနိုင်ပါက ထိရောက်မှုမရှိသဖြင့် တတ်နိုင်သမျှ လူဦးရေ များများထိုးနှံ့ပေးနိုင်ရန်လိုပါသည်။ သို့မှသာ ကာကွယ်ဆေးထိုးခြင်း၏အစွမ်းအာနိသင်ပိုသိသာပါလိမ့်မည်။ အမေရိကန်နိုင်ငံတွင် နှစ်စဉ်ရာသီကာကွယ်ဆေးထိုးနှံ့နိုင်မှုအခြေအနေက လူဦးရေ၏ ၅၀ ရာခိုင်နှုန်းသာဖြစ်သည်။ အသက် ၆၅ နှစ်နှင့်အထက် လူဦးရေ၏ ၇၅ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံ့ထားနိုင်သည်။ ပြည်နယ်တစ်ခုနှင့်တစ်ခု တုပ်ကွေးကာကွယ်ဆေးထိုးနှံ့ပေးနိုင်မှုပမာဏလည်း မတူညီကြပေ။ အစိုးရက အခမဲ့ထိုးနှံ့ပေးခြင်းမဟုတ်ဘဲ ကိုယ်ပိုင်ကျန်းမာရေး အာမခံစနစ်ဖြင့် ထိုးနှံ့ကြရခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တွင် သမ္မတ၏ ရန်ပုံငွေမှ ကျန်းမာရေးအာမခံဝယ်ယူထားနိုင်ခြင်းမရှိသည့် လူဦးရေ ၂၅ သန်းကျော်ကို တုပ်ကွေးကာကွယ်ဆေးထိုးနှံ့ပေးရန် ဆောင်ရွက်ခဲ့ကြသည်။

**အနာဂတ်တုပ်ကွေးကပ်ရောဂါများကာကွယ်ခြင်း**

တုပ်ကွေးကို ကပ်ရောဂါအသွင်မဖြစ်ပွားစေရေးအတွက် ကာကွယ်ဆေးထိုးနှံ့ရန် အရေးကြီးသည်။ ကာကွယ်ဆေးဆိုရာတွင် အခြားသောကူးစက်ရောဂါများ၏ကာကွယ်ဆေးနှင့်မတူဘဲ ရာသီအလိုက် ပြောင်းလဲနေသည့်တုပ်ကွေးပိုး မူကွဲမျိုးကွဲများအလိုက်ဖော်စပ်ထားသည့်ကာကွယ်ဆေးများကို ထိုးနှံ့ကြရန်ဖြစ်ပါသည်။ ရာသီတုပ်ကွေးကာကွယ်ဆေးကို အချိန်မီဖော်ထုတ်နိုင်ရန်အတွက် နောက်ဆုံးပေါ်ပေါက်လာသည့် တုပ်ကွေးဗိုင်းရပ် မူကွဲသစ်ကို အရင်ဖော်ထုတ်နိုင်ရန် လိုအပ်သည်။ ထို့ကြောင့်လည်း WHO ၏ဦးဆောင်မှုဖြင့် တုပ်ကွေးရောဂါစောင့်ကြည့်စစ်ဆေးရေးဌာနများကို ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ထားခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ရိုးသားပွင့်လင်းစွာဖြင့် ကမ္ဘာ့လူသားများအကျိုးကိုရှေးရှုလျက် တုပ်ကွေးဆိုင်ရာသတင်းအချက်အလက်များကို မှန်ကန်စွာမျှဝေပေးနိုင်ကြရန်လည်း အထူးလိုအပ်သည်။ တုပ်ကွေးလူနာသစ်ရှိသည်နှင့် နှာခေါင်းတို့ဖတ်နမူနာယူပြီး တုပ်ကွေးဗိုင်းရပ်မူကွဲအမျိုးအစားကိုဖော်ထုတ်ကာ WHO သို့ ဆက်သွယ်သတင်းပို့နိုင်ရန် လိုအပ်သည်။ လွန်ခဲ့သည့်နှစ် ၁၀၀ ကျော်က တုပ်ကွေးလူနာများ သေဆုံးမှုရှိခဲ့သကဲ့သို့ ယနေ့အချိန်ထိလည်း တုပ်ကွေးကြောင့် သေဆုံးမှုရှိနေဆဲဖြစ်၍ ရာသီတုပ်ကွေးကိုမပေါ့ဆကြရန် ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- Case 27-2024: A 24-Year-Old Manwith Pain and Dyspnea from NEJM, Sept 2024

**ဒေါက်တာလွှမ်းမိုးဟန်**

ဝတ္ထုတိုကဏ္ဍ

# ရှိသေမြတ်နိုး လက်စုံမိုး၍

ညိုမိုးညို



(၁)

"သားရေ ဗီရိုအောက်ထပ်မှာသိမ်းထားလိုက်အုံးဟော့"

အမေက မောင်ရေချမ်းကို အိတ်တစ်အိတ်ကမ်းပေးသည်။ အထဲတွင် အမွှေးဆပ်ပြာခဲ၊ သွားတိုက်ဆေးဘူး၊ သွားတိုက်တံနှင့် မျက်နှာသုတ်ပဝါများပါသည်။ သီတင်းကျွတ်ခါနီးပြီဆိုလျှင် အမေ အခုလိုပဲ ကြိုတင်စုဆောင်းလေ့ရှိသည်။

ပြီးခဲ့သည့်အပတ်က ဖယောင်းတိုင်နှင့် အမွှေးတိုင်များ ဝယ်ယူထားခဲ့ပြီးဖြစ်သည်။ သည့်ထက်ပို၍ နီးကပ်လာလျှင် အမေသည် ငှက်ပျောခိုင်လှလှကြီးကိုဝယ်ယူ၍ ဆန်အိုးထဲထည့်ကာ အုပ်ထားလေ့ရှိသည်။ ဆေးတို့၍မှည့်ရသည်မဟုတ်ဘဲ သဘာဝအတိုင်းမှည့်သဖြင့် အရသာမှာ လေးပင်ချိုအီလျက်ရှိသည်ဟု ပြောကြပါသည်။

"အမေကြီး သား ဘာလုပ်ပေးရအုံးမလဲ"

အမေကြီးက ကနဖော့ရိုးလေးတွေကို ရေနွေးဖြောနေသည်။

"မြေပဲဆန်ထောင်းပေး မြေးလေး"

မောင်ရေချမ်း ငရုတ်ဆုံယူ၍ မြေပဲဆန်လှော်ကို ထောင်းသည်။ အမေကြီး ကနဖော့ရိုးသုပ်လျှင် အလွန်စားကောင်းသည်။ ကနဖော့ရိုးများက ရေနွေးဖြောရုံမျှဖြင့် ခပ်တောင့်တောင့်ကလေးသွားဖြစ်သည်။ ပြီးလျှင် အမေကြီးက ကြက်သွန်နီ ဆီသပ်သည်။ မြေပဲဆန်ကိုမူ မောင်ရေချမ်းကို ထောင်းခိုင်းလေ့ရှိသည်။ မောင်ရေချမ်းကလည်း အမေကြီးအကြိုက်ကို သိသည်။ ညက်မှုန်နေအောင် ထောင်းရသည်မဟုတ်၊ အနေတော်ရုံလောက်သာ ထောင်းရခြင်းဖြစ်သည်။ မန်ကျည်းမှည့်အနည်းငယ်ကိုကြိုပြီး ရေစိမ်ထားရသည်။ အားလုံးစုံလျှင် အရသာသင့်ရုံခတ်၍ နယ်ဖတ်လိုက်ရုံသာ။ အနံ့အရသာမှာ ချိုချိုချဉ်ချဉ်၊ ဆိမ့်ဆိမ့်မွှေးမွှေး စား၍ ကောင်းလှသည်။

"သားရေသီတင်းကျွတ်က နီးပြီနော်။ နောက်ထပ်ဘာထည့်ချင်သေးလဲ"

အမေက အိမ်ရှေ့ဈေးဆိုင်ထဲမှ လှမ်းမေးသည်။

"အမေ သင့်တော်တာ ထည့်ပေးပါ။ သူငယ်ချင်းတွေနဲ့ အတူတူကန်တော့မယ်နော်"

"အေးပေါ့သားရဲ့။ မင်းတို့ သူငယ်ချင်းလေးယောက်က ခွဲလို့မှမရဘဲ"ဟုအမေကပြုံး၍ပြောသည်။ သူငယ်ချင်းလေးယောက်ဆိုသည်မှာ မောင်ရေချမ်း၊ မောင်မောင်၊ ကိုလင်းနှင့် ယမင်းတို့ ဖြစ်ကြ သည်။ သူတို့သူငယ်ချင်းလေးယောက်မှာ သီတင်းကျွတ်၍ ဆရာများကို သွားရောက်ကန်တော့ကြလျှင်ပင် စုံစုံညီညီ အတူတကွ သွားကြခြင်းဖြစ်သည်။

(၂)

သီတင်းကျွတ် ကျောင်းပိတ်ရက်များသည် ပျော်ရွှင်ဖွယ်အတိဖြစ်၏။ အုံ့ပျံ့ထိုင်းမှိုင်းနေသော ကောင်းကင်သည် ကြည်လင်ဝင်းပလာသည်။ ခြေခင်းလက်ခင်းသာယာသဖြင့် ကလေးတို့သဘာဝ ကစားခုန်စားပြု၍ကောင်းသည်။ ကျောင်းပိတ်ထားသဖြင့် မိဘများက 'တဟဲ့ဟဲ့' အော်ဟစ်ဟန့်တားမည်ကို မစိုးရိမ်ရ။

မောင်ရေချမ်းတို့တစ်တွေမှာ သူ့အိမ်ကိုယ့်အိမ်တစ်ပြန်တစ်လှည့် အကစားမက်နေကြသည်။ လွယ်အိတ်နှင့် စာအုပ်များကို အနားပေးထားကြ၏။

သီတင်းကျွတ်ကာလသည် ပျော်ပွဲရွှင်ပွဲရာသီတစ်ခုတည်းမဟုတ်ဘဲ မိမိတို့၏ ကျေးဇူးရှင်များကို ကျေးဇူးဆပ်ဖို့ရာ၊ ရှိခိုးပူဇော်ဖို့ရာ သတိရစေသော အချိန်အခါလည်းဖြစ်သည်။

မောင်ရေချမ်းတို့၏ မြတ်စွာဘုရားရှင် နတ်ဘုံနတ်နန်းသို့ခြေချသည်ကပင် ဘဝပေါင်းများစွာ ဆင်းရဲဒုက္ခခံ၍ ရှာဖွေခဲ့သော သစ္စာတရားကို မွေးမယ်တော်အဟောင်းအား ဟောကြားခြင်းအမှုပြု၍ ကျေးဇူးဆပ်ခြင်းပင်ဖြစ်သည်။ ဤအမှုသည် ကျေးဇူးတရားကို ပေးဆပ်ခြင်းမည်၍ အလုံးစုံသော သူတို့အတွက် စံနမူနာကောင်းတစ်ခုဟု ဆိုနိုင်ပါသည်။

သည်နှစ်လည်း ကံကောင်းသည်။ကိုလင်း၏ ဦးလေးက သူ့ကားလေးဖြင့် မောင်ရေချမ်းတို့ကို သီတင်းကျွတ်မီးထွန်းပွဲ လိုက်ပြမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဆရာများကို သွားရောက်ကန်တော့ရာသို့လည်း လိုက်ပါပို့ဆောင်ပေးဦးမည်ဖြစ်သည်။

(၃)

ဆီမီးရယ်က တထိန်ထိန်။
အိုင်မင်းရေကြည်က
ကြာငါးမည် ငုံအာစွင့်တယ်
ဖူးပွင့်ခါချိန်။
အသဝနီ ယှဉ်ကာချဉ်းပါလို့
လင်းလာတဲ့ ငွေတာရိန်ငယ်
ပြာမှိန်လျက် မြူခြေဆိုင်း။
ဂါရဝေ သက္ကစ္စံ ပဏာမဖြင့်
သဒ္ဓါခြေ ကန်တော့ပွဲကိုလ
မစဲပေါင် ကုသိုလ်ကိုနိုးကြတယ်
မျိုးမြန်မာ့တိုင်း။
(ဦးပြုံးချို၏ သီတင်းကျွတ်လဘွဲ့)

မိုးလေကင်းလွတ် သီတင်းကျွတ်ပြီ။ ပြာလွင်သော မိုးကောင်းကင်မျက်နှာကြက်၌ မီးအိမ်ကြီး ချိတ်ဆွဲထားသည့်ပမာ ဖိုးလမင်းသည် ထိန်ထိန်သာလျက်ရှိ၏။

လေညင်းက တသုန်သုန် ဆော်သွေးနေသည်။ မြို့၏အဆင်တန်ဆာဖြစ်သော ပင့်ကူတောင်နှင့် မယ်နန်းကြည်တောင်တို့တွင် ဘုရား၊ ပုထိုး၊ စေတီတော်များကို လျှပ်စစ်မီးသီးများဖြင့် လှပစွာ ပုံဖော်ပူဇော်ထားသည်မှာ အံ့ချီးဖွယ်ရာ ဖြစ်သည်။

အိမ်တိုင်းလမ်းတိုင်းတွင် ရောင်စုံမီးပုံးများ လှပစွာ ထွန်းညှိချိတ်ဆွဲထားသည်။ လမ်းပေါ်၌ ရောင်စုံမီးများအောက်တွင် မြို့သူမြို့သားများ ပျော်ရွှင်စွာသွားလာနေကြ၏။ ကလေးငယ်များက ဗျောက်အိုးများဖောက်ကာ မီးရှူးမီးပန်းများ ပစ်လွှတ်နေကြပြီဖြစ်သည်။

မောင်ရေချမ်း၊ မောင်မောင်၊ ကိုလင်းနှင့် ယမင်းတို့ သူငယ်ချင်းလေးဦးကို ကိုလင်း၏ ဦးလေးက နောက်အမိုးဖွင့် ကားငယ်လေးဖြင့် လိုက်ပို့နေခြင်းဖြစ်သည်။မောင်ရေချမ်းတို့ သွားရာလမ်းတစ်လျှောက်တွင် ရောင်စုံမီးများ ထိန်ညီး၍နေသည်။

ဆရာဦးတိုး၏အိမ်ခန်းသည် အတွင်းသို့ ဝင်ရ၏။ 'ပတ္တမြားဆောင်' ၏ အနောက်ဘက်တွင်ဖြစ်သည်။ ဆရာ၊ ဆရာမများက အိမ်ခန်းဝရန်တာအသီးသီးတွင် ရောင်စုံမီးပုံးလေးတွေ စုံညီစွာ ချိတ်ဆွဲထားကြသည်။

ဆရာ့သား မောင်အောင်ခန့်လေးက လရောင်ဖြာဆမ်းလျက်ရှိသည့် အိမ်ရှေ့မြက်ခင်းပြင်တွင်အခြားကလေးများနှင့် ပျော်ရွှင်စွာဆော့ကစားနေသည်။ မောင်ရေချမ်းတို့ကအဝင် စိုးသော်တာတို့ကအထွက် မြက်ခင်းအစပ်တွင် ဆုံမိကြသည်။ စိုးသော်တာက မောင်ရေချမ်းပခုံးကို ကတ်ထူဘူးလေးဖြင့် ခပ်ဖွဖွရိုက်ပြီး နှုတ်ဆက်သွားသည်။

မောင်ရေချမ်းတို့ သူငယ်ချင်းလေးယောက် ဆရာဦးတိုးနှင့်အန်တီငယ်ကို ရိုသေစွာ ရှိခိုးကန်တော့ကြသည်။ ဆရာဦးတိုးက ဆုတွေ အရှည်ကြီးပေးသည်။ အန်တီငယ်ကတော့ ပြုံးနေသည်။ ပြီးတော့ ဆရာနှင့်အန်တီငယ်က မုန့်တွေကျွေးသည်။ ကိုလင်း၏ဦးလေးကိုလည်း ဆရာက ဧည့်ခံနေသည်။

မောင်ရေချမ်းတို့ ပြန်ခါနီးတွင် အန်တီငယ်က ကတ်ထူဘူးကလေးတွေ တစ်ခုစီလာပေး၏။ ကလေးများပီပီ ဟန်မဆောင်နိုင်ကြ။ အသာလှပ်ကြည့်တော့ အနီရောင်ရဲရဲ အမ်(M)ကွန်ပါဘူး အသစ်ကလေးတွေ။ မောင်ရေချမ်းတို့ တအားပျော်သွားသည်။

ကိုလင်း၏ဦးလေးက 'ယဉ်ယဉ်'စတိုးဆိုင်မှာ ခဏရပ်ပြီး သူတို့ကို မီးရှူးမီးပန်းတွေ ဝယ်ပေးသေးသည်။ မြို့အနှံ့မှ ထွန်းညှိပူဇော်ထားသော ဆီမီးအလှများကို လိုက်ပြသည်။

"ကွန်ပါဘူးရတာတော့ ပျော်ပါတယ်ဟယ်၊ ဒါပေမဲ့ ငါတို့အားလုံးအတွက်ဆိုရင် ဆရာ ပိုက်ဆံတွေ အများကြီးကုန်မယ်နော်"

ယမင်းက စိတ်မကောင်းဖြစ်နေဟန်တူသည်။ မောင်ရေချမ်းတို့လည်း ဒါကိုတွေးမိကြသည်။

ကိုလင်း၏ဦးလေးက သူတို့ကို ကြင်နာစွာကြည့်၍ ပြောသည်။

"မင်းတို့က ဆရာ့ကို သနားနေတာလားကွ"

"ဟုတ်တယ်လေးလေး။ ဆရာ့လစာတောင် ကျန်မလားမသိဘူး။ ဆရာက ဝယ်ရင်လဲ တစ်တန်းလုံး စာဝယ်မှာ"

"စိတ်မကောင်းမဖြစ်ကြပါနဲ့။ တစ်ဦးမေတ္တာ တစ်ဦးမှာပေါ့ကွာ။ မင်းတို့ ဆရာ့ကိုသနားတယ်ဆိုရင် လေးလေးပြောသလို လုပ်ကြည့်ပါလား"

"ပြောပါ လေးလေး"

"ဆရာပေးတဲ့ကွန်ပါဘူးလေးတွေ အလဟဿ မဖြစ်ရအောင် ဆရာလဲ စိတ်ချမ်းသာအောင် မင်းတို့တစ်တွေက စာကိုပိုကြိုးစားကြ၊ ဆရာ့စကားကို နားထောင်ကြ၊ လိမ္မာကြပေါ့"

"ဟေး...ဟုတ်တယ်ကွ"

ကိုလင်းက ထအော်သည်။ သည်တော့မှ မောင်ရေချမ်းတို့လည်း စိတ်လက်ပေါ့ပါး ပျော်ရွှင်သွားသည်။ ကိုလင်း၏ဦးလေးကို ကတိတွေ ပေးကြသည်။

လရောင်သည် ပိုလို့အေးမြသွားသည်ဟု သူတို့ခံစားရ၏။

(၄)

"မငယ်ရေ..."

"ရှင်"

"ဒီဘက်က ပိုးတွဲပုဆိုးလေးက ဆရာကြီးဦးမြင့်ဆွေနဲ့ လိုက်မယ်ကွ။ တို့ဆရာကြီးက အညိုရောင်ဆို သိပ်ကြိုက်တာ"

"ဒါဖြင့် ဆရာကြီးအတွက် ဖယ်ထားလိုက်လေ"

ကျောင်းပိတ်ရက်တစ်ရက်တွင် ဆရာဦးတိုးနှင့် အန်တီငယ်တို့ အကန်တော့ခံပစ္စည်းများကို အမျိုးအစားအလိုက် သင့်တော်ရာခွဲနေကြခြင်းဖြစ်သည်။

ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် ဘီစကွတ်ကဲ့သို့ မုန့်ခြောက်များကို ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းနိုင်ရန် သီးသန့်ထုပ်ပိုးထားရသည်။ အထားမခံနိုင်သော မုန့်အစိုများကိုမူ ဆရာ၊ ဆရာမများ နားနေခန်းသို့ ယူသွား၍ လုပ်ဖော်ကိုင်ဖက်များကို ဧည့်ဝတ်ပြုရသည်။ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းလေးများကိုမူ 'ဝယဝုဒ္ဓိ ဂုဏဝုဒ္ဓိ'အားဖြင့် အလေးအမြတ်ပြုအပ်သော ဆရာသမားတို့အတွက် သင့်နိုးရာရာ တွဲဖက်စီမံရသည်။ ဒါက နှစ်စဉ်ပြုနေကျဝတ်တစ်ခုလည်း ဖြစ်၍နေသည်။

စာသင်သားတပည့်ငယ်လေးများက အင်မတန်ဖြူစင်သော ချွေးနဲ့စာလေးများဖြင့် အာစရိယဟူသော ဆရာ့ဂုဏ်ပုဒ်ကို အမွန်အဦးပြု၍ ကန်တော့ကြခြင်းဖြစ်သည်။ မိမိတို့ကလည်း ထိုမွန်မြတ်သော အကန်တော့ခံပစ္စည်းများကို အဓိပ္ပာယ်ရှိစွာ ပြန်လည်အသုံးပြုသင့်သည်ဟု ဆရာဦးတိုး တွေးမိသည်။ သို့နှင့် ဇနီးဖြစ်သူနှင့်တိုင်ပင်ကာ သည်အစီအစဉ်လေးကို နှစ်စဉ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ သည့်အတွက် နှလုံးစိတ်ဝမ်းချမ်းမြေ့ကြည်သာခြင်းလည်း ရှိကြရပါတော့သည်။

## ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၇၇ ဧက စိုက်ပျိုးပြီးစီး



**ရေဦး အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၃၅၀၀ စိုက်ပျိုးရန် လျာထားပြီး မေလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၇၇ ဧက စိုက်ပျိုးပြီးစီးသဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုး နိုင်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၃၅၀၀ ဧကစိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ ဒီနေ့ ၃၅၇၇ ဧကထိ ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ခရမ်း၊ မုန်လာထုပ်သီးနှံ တွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများ ပေးခြင်း၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့ စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

(၂၀၆)

## ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် အောက်တိုဘာ ၁၉**

ရေ၀ဂတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီထွန်းက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လ အတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ် ရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၆၉၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ဗိုလ်ကိတ်ပဲများကို ရေကြည်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များမှ ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

''ရေကြည်မြို့နယ်ကနေ ရန်ကုန်မြို့ကို စက်တင်ဘာလထဲမှာ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်ကပြန်လည် ဝယ်ယူမှုကောင်းလာပါတယ်။ ဒေသထွက်ပဲတွေကိုရေကြည်ဘက်က ကုန်သည်များက ရန်ကုန်မြို့ကိုပဲ အများဆုံး တင်ပို့ရောင်းချတာ ဖြစ်တယ်။



ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့မှုများလာတော့ ကုန်သည်တွေအပြင် လုပ်သားတွေပါ အဆင်ပြေနေပါတယ်"ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီထွန်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင်ငွေကျပ် ၁၁၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲ များဈေးကောင်းရရှိခြင်းနှင့် ဝယ်လိုမှုကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သမားများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## စလင်းမြို့နယ် ဝက်သိုက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စလင်း အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF) ဆောင်ရွက်ပေးလျက်ရှိရာ ဝက်သိုက်ကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများသည် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF)လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝက်သိုက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေဖြင့် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သောအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာ ကြားခဲ့သည်။

အဆိုပါ ဝက်သိုက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းသန်းစိုး**

## တို့တိုင်းပြည် တို့ရှေ့ရေး

- တို့တိုင်းပြည် တို့အရေး
မြော်တွေးသင့် အစဉ်လာ၊
စွမ်းနိုင်စေ တစ်ဖက်တစ်လမ်းက
ဝန်ထမ်းကာသာ၊
ကြိုးစားကြ မောင်မယ်စုံစွာ
ရည်ရွယ်ကာ ကောင်းအကျိုး၊
တတ်ပညာ ဗဟုသုတနှင့်
ညီမျှသယ်ပိုး။

- ရှုံးနိမ့်ရာ မရှိရိုး
သိစိတ်မိုး ဉာဏ်မြော်မြင်၊
တန်းတူညီ အခွင့်အရေး
ချင့်တွေးစေချင်၊
ပေးစွမ်းကြ ချစ်သဒ္ဓါဝင်
မေတ္တာစဉ် ရင်းအပ်လျက်၊
တို့တိုင်းပြည် တို့ရှေ့ရေး
မြော်တွေးဆောင်ရွက်။

- ရှေးအစဉ် ခေတ်ဆက်ဆက်
ရှင်သန်လျက် သမိုင်းဂုဏ်၊
စည်းလုံးမှု မပျက်ယွင်း
ချစ်ခြင်းမကုန်၊
အပြစ်မြင်ခြင်း မရှိပုံ
ယုံကြည်ကာ တူလက်တွဲ၊
ပြည်မြန်မာ အလှလွှမ်းဖို့
ကြိုးပမ်းအမြဲ။

- တောင်တန်းနှင့် မြေပြန့်မခွဲ
တစ်စိတ်တစ်ဝမ်းတည်း အတူနေ၊
ခက်ခဲကြုံ မရပ်တမ်း
ဖြတ်သန်းကာပေ၊
ရှင်လန်းလို့ ပြုံးစိတ်စေ
မုန်းရိပ်မဝေ ဖြူစင်အတွေး၊
တို့ခေတ်မှာ တို့ကြိုးစားလို့
တိုးပွားစေလေး။ ။

ကိုရွှေတောသား(ဆင်ကူး)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ကမ္ဘာတစ်ဝန်းစစ်ပွဲမှ အမေရိကန်စီးပွားရေးဖြစ်ထွန်းမှု

မောင်ဝေလွှမ်း(သုတေသီ)

အမေရိကန်သည် ကမ္ဘာ့စီးပွားရေးထိပ်တန်းနိုင်ငံကြီးဖြစ်သကဲ့သို့ စီးပွားရေးတိုးတက်ဖြစ်ထွန်းရန်လည်း နည်းလမ်းမျိုးစုံအသုံးပြုလျက်ရှိသည်။ သို့ဖြစ်၍လည်း အချို့သောကမ္ဘာ့လက်နက်ကိုင်ပဋိပက္ခများသည် သက်ဆိုင်ရာနိုင်ငံများအတွက် ဒုက္ခများဖြစ်စေသည့်တိုင် အမေရိကန်အတွက် အကျိုးဖြစ်ထွန်းနေတတ်သည်။ အမေရိကန်သည် ၎င်း၏အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းစေရန်အတွက် ပြည်တွင်း၌ သာမက နိုင်ငံတကာတွင်ပါ ဒေါ်လာဘီလီယံ ရာနှင့်ချီ၍သုံးစွဲသော်လည်း အကြီးမားဆုံးအကျိုးခံစားခွင့်ရှိသူတချို့မှာ ကမ္ဘာ့အကြီးဆုံးကော်ပိုရေးရှင်းတချို့ဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် သမ္မတဘိုင်ဒင်သည်အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသို့ ဒေါ်လာ ၈၁၆ ဒသမ ၇ ဘီလီယံ ခွဲဝေချထားပေးသော အမျိုးသားကာကွယ်ရေးခွင့်ပြုချက် အက်ဥပဒေကို လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန နှစ်ပတ်လည်အစီရင်ခံစာအရ ဘတ်ဂျက်အများစုဖြစ်သည့် ဒေါ်လာ ၃၈၉ ဒသမ ၅ ဘီလီယံခန့်ကို စစ်ဘက်ဆိုင်ရာကန်ထရိုက်များထံမှ လက်နက်နှင့်ဝန်ဆောင်မှုများလုပ်ဆောင်ရန်အတွက် အသုံးပြုခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန နှစ်ပတ်လည်အစီရင်ခံစာတွင်ဖော်ပြထားသည်။ အဆိုပါလက်နက်များသည် အမေရိကန်သိုလှောင်ရုံနှစ်ခုလုံးအတွက်ဖြစ်ပြီး ပြည်ပသို့မဟာမိတ်များထံ တင်ပို့လျက်ရှိသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ ၂၀၂၂ ခုနှစ်တွင် အမေရိကန်စစ်ဘက်ဆိုင်ရာထိပ်တန်းကန်ထရိုက်တာများတွင် လော့ခ်ဟိမာတင်ကော်ပိုရေးရှင်း၊ ရေသီယွန် နည်းပညာကော်ပိုရေးရှင်းနှင့် ဂျင်နရယ်ဒိုင်းနမိုက်ကော်ပိုရေးရှင်းတို့ပါဝင်သည်။ ထိုကုမ္ပဏီများသည် စျေးကွက်အရင်းအနှီးတွင် ဒေါ်လာ ၂၉၇ ဒသမ ၆၈ ဘီလီယံရှိသည်။

အစ္စရေး-ပါလက်စတိုင်းပဋိပက္ခဖြစ်နေချိန်ဖြစ်သည့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်က အမေရိကန်တွင် စစ်လက်နက်ပစ္စည်းရောင်းချသည့် ကုမ္ပဏီများရှေ့တွင် ဆန္ဒပြမှုပေါ်ပေါက်ခဲ့သည်။ ၎င်းတို့က လော့ခ်ဟိမာတင်ကော်ပိုရေးရှင်း ရုံးခန်းအဝင်ဝကို ပိတ်ဆို့သည်အထိဖြစ်ခဲ့သကဲ့သို့ ရေသီယွန်နှင့် ကာကွယ်ရေးဌာနချုပ်အပြင်ဘက်တွင် တက်ကြွလှုပ်ရှားသူ ၂၆ ဦးနှင့် သတင်းထောက်တစ်ဦး ဖမ်းဆီးခံခဲ့ရသည်။ တက်ကြွလှုပ်ရှားသူ Firoz Azizi သည် ရေသီယွန်ရုံး၏အပြင်ဘက် ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သည်။

Azizi ၏အဆိုအရ ရေသီယွန်ကုမ္ပဏီမိခင်ဌာနချုပ်ဖြစ်သော Tucson ရှိ UA Tech Park သည် ဆန်းသစ်တီထွင်မှုနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ သွင်ပြင်အရ ဤလက်နက်ကုမ္ပဏီများနှင့်ဆက်ဆံရေးကိုမြှင့်တင်ရန် မဖြစ်မနေလုပ်ဆောင်ထားသည်။ သို့သော်လည်း အမှန်တကယ်တွင် ထိုကုမ္ပဏီများသည်ဖျက်ဆီးခြင်းအတွက် အသုံးပြုသည့် လက်နက်သစ်များဖန်တီးရန် နည်းလမ်းများရှာဖွေရရှိရေးကြိုးစားနေကြသည်ဟုဆိုသည်။

**အမေရိကန်ရှိလက်နက်ထုတ်လုပ်မှုလုပ်ငန်း**

၂၀၂၂ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာနသည် လော့ခ်ဟိမာတင်ထံမှဒေါ်လာ ၄၄ ဒသမ ၅ ဘီလီယံ၊ ရေသီယွန်ထံမှ ဒေါ်လာ ၂၅ ဒသမ ၄ ဘီလီယံနှင့် ဂျင်နရယ်ဒိုင်းနမိုက် ကော်ပိုရေးရှင်းထံမှ ဒေါ်လာ ၂၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိစစ်လက်နက်ပစ္စည်းများ ဝယ်ယူခဲ့သည်ကိုတွေ့ရှိရသည်။ ရေသီယွန်၏ ၂၀၂၂ ခုနှစ်အတွက် စုစုပေါင်းဝင်ငွေသည် ဒေါ်လာ ၆၇ ဒသမ ၁ ဘီလီယံဖြစ်ပြီး ၎င်းတွင် အမေရိကန် ဝယ်ယူမှုသည် ၄၀ ရာခိုင်နှုန်းနီးပါးရှိခဲ့ပြီး ၎င်းရေသီယွန်ကုမ္ပဏီထံမှ ၂၅ ဒသမ ၄ ဘီလီယံဖိုး ဝယ်ယူခဲ့ခြင်းဖြစ်သည်။

လော့ခ်ဟိမာတင်ကုမ္ပဏီက အမေရိကန်နှင့် ဆက်ဆံရေးကို စီးပွားရေးကဏ္ဍတွင် ဆက်လက်ထားရှိစေသည်။ ၂၀၂၂ ခုနှစ်တွင် လော့ခ်ဟိမာတင်ကုမ္ပဏီ၏ စုစုပေါင်းအသားတင်ရောင်းချမှု၏ ၇၃ ရာခိုင်နှုန်းသည် ကာကွယ်ရေးဝန်ကြီးဌာနက ၆၄ ရာခိုင်နှုန်းဝယ်ယူမှုအပါအဝင် အမေရိကန်အစိုးရထံမှဖြစ်ကြောင်း လော့ခ်ဟိမာတင်ကုမ္ပဏီ၏ ၂၀၂၂ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၌ဖော်ပြထားသည်။ လော့ခ်ဟိမာတင်ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာသည် ဤဆက်ဆံရေး၏ရင်းနှီးမှုကို အသိအမှတ်ပြုခဲ့သည်။

ကုမ္ပဏီလုပ်ငန်း၏ ကြီးမားသောအစိတ်အပိုင်းတစ်ခုအတွက် မိမိတို့သည် အမေရိကန်အစိုးရနှင့် စာချုပ်များပေါ်တွင် မှီခိုနေရသည်၊ အမေရိကန်အစိုးရ၏ ဦးစားပေးအပြောင်းအလဲများ သို့မဟုတ် အသုံးစရိတ်နှောင့်နှေးခြင်း သို့မဟုတ် လျှော့ချခြင်းသည် မိမိတို့၏လုပ်ငန်းအပေါ် ဆိုးရွားသော သက်ရောက်မှုများစွာ ရှိနိုင်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ လက်နက်ထုတ်လုပ်ရေးလုပ်ငန်းသည် တစ်ကမ္ဘာလုံး၌ရှိနေသည်။ အမေရိကန်သည် လက်နက်အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ပြီး ၎င်း၏ ထိပ်တန်းဝယ်ယူသူမှာ ဆော်ဒီအာရေဗျ၊ ဂျပန်နှင့် ဩစတြေးလျတို့ဖြစ်ကြောင်း စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနဌာန၏ အဆိုအရ သိရသည်။

**ပိုက်ဆံက မည်သည့်နေရာကလာသလဲ**

စစ်ပွဲဖြစ်ပွားသောအခါ စစ်ဘက်ဆိုင်ရာကန်ထရိုက်တာများသည် ရောင်းအားတက်လာရန် မျှော်လင့်နိုင်သည်။ ၂၀၂၂ ခုနှစ်တွင် ယူကရိန်း-ရုရှားပဋိပက္ခစတင်ကတည်းက အမေရိကန်က ယူကရိန်းကို စစ်ရေးအကူအညီ ဒေါ်လာ ၄၄ ဒသမ ၂ ဘီလီယံကျော် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကာ လက်ရှိတွင်လည်း ထောက်ပံ့ရေးလုပ်ဆောင်နေဆဲဖြစ်သည်။ အမေရိကန်သည် အဆိုပါအဖွဲ့အစည်းများထံမှ စစ်လက်နက်ပစ္စည်းများကိုဝယ်ယူပြီး ယူကရိန်းသို့ လက်နက်များပေးပို့ခြင်းကြောင့် စစ်ဘက်ကန်ထရိုက်တာများသည် ဤအစီအစဉ်မှ အကျိုးကျေးဇူးများရရှိခဲ့သည်။

ဥပမာအားဖြင့် ၂၀၂၂ ခုနှစ်စက်တင်ဘာလတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် ယူကရိန်းသို့ပေးပို့သောလက်နက်များအတွက် စစ်ဘက်သိုလှောင်မှုများကို ဖြည့်တင်းရန်အတွက် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံစာချုပ်များကို အစားထိုးရန်လျင်မြန်စွာလုပ်ဆောင်ခဲ့သည်။ ဂျေဗလင်ဒုံးကျည်များ အစားထိုးရန် ရန်ပုံငွေ ဒေါ်လာ ၃၅၂ သန်း၊ စတင်းဂါးဒုံးကျည်များ အစားထိုးရန် ဒေါ်လာ ၆၂၄ သန်းနှင့် HIMARS စနစ်များ အစားထိုးမှုအတွက် ဒေါ်လာ ၃၃ သန်းခန့်ပါဝင်သည်။ ဂျေဗလင်ဒုံးခွင်းဒုံးများကို ရေသီယွန်နှင့် လော့ခ်ဟိမာတင်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြစ်သော ဂျေဗလင်ဖက်စပ်ကုမ္ပဏီမှ သီးသန့်ထုတ်လုပ်ထားသည်။



အရီဇိုးနားပြည်နယ် Tucson ရှိ ရေသီယွန်ကုမ္ပဏီသည် စတင်းဂါးဒုံးကျည်များကို အဆင့်မြှင့်တင်ခြင်းနှင့် အစားထိုးခြင်းအတွက် ဒေါ်လာ ၄၁၈ ဒသမ ၃၃၉ သန်းတန်ဖိုးရှိ သဘောတူညီချက်တစ်ခု ရရှိခဲ့ပါသည်။ အလားတူပင် တက္ကဆက်ပြည်နယ်၊ Grand Prairieရှိ လော့ခ်ဟိမာတင် ကော်ပိုရေးရှင်းသည် စတင်းဂါးဒုံးကျည်အဆင့်မြှင့်တင်ခြင်းနှင့် အစားထိုးခြင်းအတွက် ဒေါ်လာ ၃၃၁ ဒသမ ၉၇ သန်းတန်ဖိုးရှိ သဘောတူညီချက်တစ်ရပ်ကိုရရှိခဲ့သည်။ အမေရိကန်၏ ရွေ့လျားမှုမြင့်မားသည့် အမြောက်ရော့ကတ်စနစ်(HIMARS) ကိုလည်း လော့ခ်ဟိမာတင်ကပင်ထုတ်လုပ်ခဲ့သည်။

ကြိုတင်မမြင်နိုင်သော အရေးပေါ်အခြေအနေကြောင့် စက်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ချက်ချင်းလွှဲပြောင်းရန် သမ္မတကခွင့်ပြုပေးသည့် အာဏာ(PDA)အရ သမ္မတဘိုင်ဒင်အစိုးရသည် ခွင့်ပြုသုံးစွဲမှု ၄၇ ခုကို စုစုပေါင်း ဒေါ်လာ ၂၅ ဘီလီယံအထိ ခွင့်ပြုထားသည်ဟု ကွန်ဂရက်လွှတ်တော်သုတေသနလုပ်ငန်းဌာနကဆိုသည်။ ယူကရိန်းကို ထောက်ပံ့ပေးအပ်သည့် လက်နက်များတွင် HIMARS နှင့် ခဲယမ်းများ၊ အဆင့်မြင့်မြေပြင်မှဝေဟင်ပစ်ဒုံးများ၊ Abrams တင့်ကားများ၊ T-72B တင့်ကား ၄၅ စီးနှင့် Bradley သံချပ်ကာယာဉ် ၁၈၆ စီး၊ လောင်ချာ ၃၅၀၀၀ လက်ကျော်၊ လက်နက်ငယ်များနှင့် အခြားအရာများပါဝင်သည်။

**မျက်မှောက်ကာလဆက်နွှယ်မှု**

ဂါဇာကမ်းမြောင်ဒေသတွင် လက်ရှိစစ်ရေးဆောင်ရွက်မှုသည် ၎င်းတို့၏လက်နက်များကို ပြန်လည်ဖြည့်တင်းရန်အမေရိကန်ဆီသို့ဦးတည်လာသောကြောင့် ဝင်ငွေတိုးလာသော စစ်ဘက်ကန်ထရိုက်တာများအတွက် ရတနာသေတ္တာတစ်ခုဖြစ်လာသည်။ ဂါဇာကမ်းမြောင်ဒေသစစ်ဆင်ရေးများအတွင်း အစ္စရေး၏ နောက်ထပ်စစ်ရေးရန်ပုံငွေများပံ့ပိုးပေးရန် အမေရိကန်က ကြိုးပမ်းလျက်ရှိသည်။ ပင်တဂွန်သည် အပါချီရဟတ်ယာဉ်များ၊ ၁၅၅ မမ အမြောက်များ၊ ညကြည့်ကိရိယာများ၊ ဘန်ကာဖျက်ဗုံးများ၊ သံချပ်ကာယာဉ်များနှင့် နောက်ထပ်ပဲ့ထိန်းဒုံးကျည်များအတွက် အစ္စရေး၏ တောင်းဆိုမှုကို တိတ်တဆိတ်ဖြည့်ဆည်းပေးလျက်ရှိသည်ဟု Bloomberg က ဖော်ပြခဲ့ပါသည်။

သမ္မတဘိုင်ဒင်အစိုးရအဖွဲ့သည် ၎င်းတို့၏ စစ်ဘက်စစ်ဆင်ရေးကို ပိုမိုကူညီရန် အစ္စရေးသို့ နောက်ထပ် ဒေါ်လာ ၁၄ ဒသမ ၃ ဘီလီယံ ပေးပို့ရေးကို မကြာသေးမီက အဆိုပြုခဲ့ပါသည်။ အဆိုပြုထားသောပံ့ပိုးမှုတွင် Iron Dome ကိုအထောက်အပံ့ပြုရန် လေကြောင်းရန်နှင့် ဒုံးကျည်ကာကွယ်ရေး အထောက်အပံ့နှင့် စက်မှုအခြေစိုက်စခန်း ရင်းနှီးမြှုပ်နှံမှုများကဲ့သို့သောအရာများအတွက် ဒေါ်လာ ၁၀ ဒသမ ၆ ဘီလီယံပါဝင်မည်ဖြစ်သည်။ ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံသည် အစ္စရေးစစ်ဘက်ကို အားကောင်းစေရန်နှင့် အမေရိကန်သံရုံးလုံခြုံရေးကို တိုးမြှင့်ရန်ဖြစ်သည်။

ဖြည့်စွက်ဘတ်ဂျက်တောင်းခံမှုတွင် သမ္မတဘိုင်ဒင်အစိုးရက ကာကွယ်ရေးဆိုင်ရာ အသုံးချမှုအက်ဥပဒေပုဒ်မ ၁၂၀၀၁ ကို ပြင်ဆင်ရန်အဆိုပြုခဲ့ပြီး အစ္စရေးသို့လက်နက်နှင့် ခဲယမ်းများ ပိုမိုခွင့်ပြုရန်အတွက် လက်နက်သိုလှောင်ထားရှိမှုဆိုင်ရာကန့်သတ်ချက်များကိုရုပ်သိမ်းခဲ့သည်။ ထို့ပြင် အမေရိကန်အစိုးရက အစ္စရေးကို ဒေါ်လာ သန်း ၃၂၀ တန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးရန် ကြိုးပမ်းနေဆဲဖြစ်သည်။ New York Times သတင်းစာသည် SPICE အုပ်စုဝင်ဒုံးကျည်များ ဝယ်ယူမှု၊ စစ်ဆေးမှု၊ စမ်းသပ်မှုနှင့် ပို့ဆောင်မှုတို့ကို ပံ့ပိုးပေးရန် ကာကွယ်ရေးဆောင်းပါးများ၊ နည်းပညာဆိုင်ရာအချက်အလက်များနှင့် ကာကွယ်ရေးဝန်ဆောင်မှုများကိုလွှဲပြောင်းပေးရန် ကွန်ဂရက်သို့ အကြောင်းကြားသည့်စာတစ်စောင် ရရှိခဲ့သည်။ SPICE ဗုံးများကို အမေရိကန်ရှိ ဌာနခွဲတစ်ခုနှင့် အစ္စရေးစစ်ဘက်ကန်ထရိုက်တာ Rafael USA မှ ထုတ်လုပ်ခြင်းဖြစ်သည်။

**အမြတ်ငွေသည် အဓိကရည်မှန်းချက်**

စစ်ပွဲများဆက်လက်ဖြစ်ပွားလာသည်နှင့်အမျှ လက်နက်ထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတကာစစ်ပွဲနှင့်အတူရရှိလာသော ငွေကြေးအကျိုးအမြတ်များကို ရရှိခံစားလျက်ရှိသည်။ ဂါဇာတွင် သေဆုံးသူ ၃၀၀၀၀ ကျော်နှင့် အစ္စရေးတွင် သေဆုံးမှု ၁၂၀၀ ကျော်တို့နှင့်အတူ နိုင်ငံတကာစစ်ရေး၊ စစ်ဆင်ရေးများတွင် ၎င်း၏အခန်းကဏ္ဍကို ပြန်လည်ဆန်းစစ်ရန် အမေရိကန်ကိုဆန္ဒပြသူများက ဖိအားပေးလျက်ရှိသည်။

အမေရိကန်နှင့် အမေရိကန်စီးပွားရေးလုပ်ငန်းများသည် စစ်ပွဲများမှ အမြတ်ရရှိနေသည်။ ရေသီယွန်နှင့် ဘိုးရင်း၊ BAE System ကုမ္ပဏီအားလုံးသည် ပါလက်စတိုင်းကို ဖျက်ဆီးနေရုံသာမက အာဖဂန်နစ္စတန်၊ အီရတ်၊ ဆီးရီးယားတို့ကို ဖျက်ဆီးခဲ့သည်။ ထို့ပြင် အရှေ့အလယ်ပိုင်းရှိ မတူညီသောနေရာများအားလုံးသည် ဤလက်နက်ကုမ္ပဏီများ၏ ဖျက်ဆီးခြင်းခံနေရသည်ဟု Azizi က ပြောကြားခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေးအတွက် ဖိအားများဆက်လက်ကြီးထွားနေသည့်တိုင် ကာကွယ်ရေးကန်ထရိုက်တာများသည် တည်ငြိမ်သောဝင်ငွေ ဆက်လက်ရရှိနေမည်မှာ အသေအချာဖြစ်သည်။ လက်ရှိတွင်လည်း သက်တမ်းကုန်နေသည့် ဝေဟင်မှမြေပြင်တိုက်ခိုက်သည့် ခဲယမ်းများကို ယူကရိန်းသို့ရောင်းချမှုကြောင့် ၎င်းတို့အတွက် ပြုပြင်ထိန်းသိမ်းစရိတ် နှစ်စဉ်ဒေါ်လာ သန်း ၂၀ ကျော်သက်သာစေမည်ဟုဆိုသည်။ သို့ဖြစ်၍ ပဋိပက္ခများနှင့်စစ်ပွဲများဖြစ်ပွားနေသမျှ အမေရိကန်စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းမိတ်ဖက်များထံ စစ်လက်နက်ပစ္စည်းများရောင်းချခြင်းဖြင့် အကျိုးစီးပွားဖြစ်ထွန်းနေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

**- www. businessjournalism.org/ How U.S. businesses profit from war worldwide,**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေခြင်းကြောင့် တင်ပို့မှုအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

စက်တင်ဘာလရဲ့ ပထမပတ်လောက်က ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့မှုများပြားလာပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချမှုများပြားခဲ့တာက ပြည်ပကို ငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာကြောင့်ပါ။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ ရန်ကုန်ဈေးကွက်ကနေ ပြည်တွင်း၊ ပြည်ပဈေးကွက်တွေကို ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလို ဝယ်ယူမှုများပြားလာတော့ ငါးရှဉ့်မွေးမြူရေး လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသတွင် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းနှင့် သဘာဝအတိုင်း ချောင်း၊ အိုင်၊ မြောင်း၊ လယ်ကွင်းများမှ ရှာဖွေဖမ်းဆီးရရှိသည့်ငါးရှဉ့်များထွက်ရှိကြောင်း၊ အဆိုပါဒေသထွက်ရှိသည့်ငါးရှဉ့်များကိုပြည်တွင်း ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မိုင်းယန်းမြို့နယ် ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

မိုင်းယန်း အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၇၄သိန်း ထုတ်ချေးပေးထားကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်ပြောပြ၍ သိရသည်။

အောင်ရဲကျော်

# စေတုတ္တရာမြို့နယ် မွန်ဇော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စေတုတ္တရာ အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မွန်ဇော်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)မှ ချေးငွေများ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင့်ထွန်းနှင့် ဝန်ထမ်းများက မွန်ဇော်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ချေးငွေ ထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မွန်ဇော်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၁၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များက မွန်ဇော်ကျေးရွာရှိ နေကြာစိုက်တောင်သူ ၂၂ ဦးကို ငွေကျပ် ၆၆ သိန်း၊ နှမ်းစိုက်တောင်သူ ၄၄ ဦးကို ငွေကျပ် ၄၄ သိန်း၊ ဆီထွက်သီးနှံစိုက်တောင်သူ ၆၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၁၀ ကို ထုတ်ချေးပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုညီ



# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၆၂၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မုံရွာ အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၆၂၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၇၄၆၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၂၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝါ ၁၇၄၆၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၆၂၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဝါစိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေ လွယ်ကူစွာစိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုးပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဝါစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ ဝါဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများ လိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းခွဲခန့် ကုန်ကျပြီး ဝါတစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဝါစိုက်ပျိုးရာတွင် အခြားသီးနှံများဖြစ်သည့် ကြက်သွန်နီ သီးကြိုစိုက်ပျိုးခြင်း၊ ပဲစင်းငုံ သီးညှပ်စိုက်ပျိုးခြင်းကြောင့် မိသားစုဝင်ငွေ တိုးပွားလာမည်ဖြစ်ကြောင်း သိရသည်။

ဝါကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ကြာအင်းဆိပ်ကြီးမြို့နယ် နန်းဖာဖော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၁၉

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာအင်းဆိပ်ကြီးမြို့နယ် နန်းဖာဖော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ နန်းဖာဖော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်းရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ နန်းဖာဖော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ သတ္တမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၁ သန်း ထုတ်ချေးထားကြောင်း ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုသက်

# အမေရိကန်နိုင်ငံ ဂီယာလီကောင်တီတောင်ပိုင်းတွင် တောမီးအန္တရာယ်သတိပေးချက်ထုတ်ပြန်



**ဝါရှင်တန် အောက်တိုဘာ ၁၉**

အမေရိကန်နိုင်ငံ ကန်ဆက်ပြည်နယ် ဂီယာလီကောင်တီ တောင်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး လူနေအိမ်များဆီသို့ ကူးစက်လာနိုင်သည့် အခြေအနေကြောင့် တောမီးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း ကန်ဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် အောက်တိုဘာ ၁၈ ရက် မွန်းတည့်ချိန်ခန့်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုကြောင့် အမှတ် ၇၇ အဝေးပြေးလမ်းမကြီးကို ယာယီပိတ်ထားကြောင်း၊ တောမီးသည် လူနေအိမ်များဆီသို့ ကူးစက်လာနိုင်သည့်အတွက် လိုအပ်လာပါက ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရန် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသော ဧရိယာအနီးတွင်နေထိုင်သည့်ဒေသခံများကို ကြိုတင်ပြင်ဆင်မှု ပြုလုပ်ထားရန် ကန်ဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားသည်။

"တောမီးလောင်ကျွမ်းမှုဟာ ဂီယာလီကောင်တီ တောင်ဘက်ပိုင်းမှာ ပြင်းထန်စွာလောင်ကျွမ်းနေပါတယ်။ တောမီးလောင်ကျွမ်းတဲ့နေရာဟာ လူနေအိမ်တွေနဲ့ နီးကပ်ပါတယ်။ တောမီးစတင်လောင်ကျွမ်းတဲ့နေရာက မြက်ခင်းပြင်ဖြစ်ပြီး မြက်ခင်းပြင်ဧရိယာ နှစ်မိုင်လောက်ထိ ကျယ်ပြန့်စွာလောင်ကျွမ်းနေပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ထိခိုက်ဒဏ်ရာရရှိတာမျိုးတော့ မရှိသေးပါဘူး။ ဒါပေမဲ့ အမှတ် ၇၇ အဝေးပြေးလမ်းမကြီးထိ ကူးစက်နေတဲ့အတွက် လမ်းမကြီးကိုတော့ ယာယီ ပိတ်ထားပါတယ်"ဟု ကန်ဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# မလေးရှားနိုင်ငံ တာမန်မာလာဝတီမြို့တွင် မြေပြိုမှုဆက်လက်မဖြစ်ပွားစေရန် ရဲတပ်ဖွဲ့က အနီးကပ်စောင့်ကြည့်နေ

**ကွာလာလမ်ပူ အောက်တိုဘာ ၁၉**

မလေးရှားနိုင်ငံ တာမန်မာလာဝတီမြို့တွင် အောက်တိုဘာ ၁၅ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ အဆိုပါဒေသရှိ နေအိမ်များကို မလေးရှား တော်ဝင်ရဲတပ်ဖွဲ့က မြေပြိုမှု ဆက်လက်မဖြစ်ပွားစေရန် အနီးကပ်စောင့်ကြည့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်များကိုကိုးကား၍ အောက်တိုဘာ ၁၈ ရက်သတင်းများအရ သိရသည်။

မလေးရှားနိုင်ငံ တာမန်မာလာဝတီမြို့တွင် အောက်တိုဘာ ၁၅ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုဖြစ်ပွားရာနေရာအနီးရှိ အိမ်ခြေ ၂၀ မှ လူ ၃၃ ဦး ဘေးလွတ်ရာသို့ရွှေ့ပြောင်းခဲ့ရပြီး ယာယီခိုလှုံရေး စခန်းများတွင် ခိုလှုံနေရကြောင်း သိရသည်။

ထိခိုက်ခဲ့သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီးနောက် အဆိုပါနေရာကို အနီးကပ်စောင့်ကြည့်ရန် မလေးရှားတော်ဝင်ရဲတပ်ဖွဲ့က တာဝန်ယူခဲ့သည်ဟု ရဲချုပ် ဒါတွတ်ဟူစိန်အိုမာခမ်က ပြောကြားထားကြောင်းသိရသည်။

မြေပြိုကျမှုဖြစ်ပွားရာနေရာများကို သတ္တုနှင့်ဘူမိသိပ္ပံပြည်သူ့ဆောက်လုပ်ရေးဌာနတို့မှ စုံစမ်းစစ်ဆေးမှုများနှင့် လေ့လာမှုများအရ မြေပြိုကျမှုထပ်မံဖြစ်ပွားခြင်းကို မတွေ့ရှိရတော့ကြောင်း၊ ထိခိုက်မှုဖြစ်ပွားရာနေရာများကို ရဲတပ်ဖွဲ့က ကောင်းစွာထိန်းချုပ်ထားနိုင်ကြောင်းနှင့် ယခုအချိန်ထိ နေအိမ်များမှာ အခြေအနေကောင်းမွန်နေဆဲဖြစ်ကြောင်း ဟူစိန်က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# ပြင်သစ်နိုင်ငံ တောင်ပိုင်းတွင် နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံးရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်နေရ

**ပဲရစ် အောက်တိုဘာ ၁၉**

ပြင်သစ်နိုင်ငံ တောင်ပိုင်းတွင် အောက်တိုဘာ ၁၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေရာတချို့ ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်နေရပြီး ရေကြီးရေလျှံမှုမှာ နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံးသော ရေကြီးရေလျှံမှုဖြစ်ကြောင်း Meteo France က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိသည်။

ရေကြီးရေလျှံမှုသည် အောက်တိုဘာ ၁၈ ရက်တွင် အဆိုးရွားဆုံးသောအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ကယ်ဆယ်ရေးဝန်ထမ်းအင်အား ထောင်နှင့်ချီ၍ ရေဘေးဒဏ်သင့်ဧရိယာများတွင် ဖြန့်ကြက်နေရာယူကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့တွင်ဖြစ်ပေါ်နေသည့်ရေကြီးရေလျှံမှုသည် အသက်အန္တရာယ်ကိုခြိမ်းခြောက်နေသည့် အဆင့်ဖြစ်သည့်အတွက် အောက်တိုဘာ ၁၈ ရက်တွင် ရေဘေးအန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်ခဲ့သော်လည်း ယနေ့တွင် ရေဘေးအန္တရာယ် အနည်းငယ်တည်ငြိမ်လာသည့်အတွက် လိမ္မော်ရောင်အဆင့်အဖြစ် ပြောင်းလဲသတ်မှတ်ထားကြောင်း Meteo France က ထုတ်ပြန်ခဲ့သည်။

"ပြီးခဲ့တဲ့ ၄၈ နာရီအတွင်းမှာ မိုးရေချိန်ဟာ မီလီမီတာ ၇၀၀ ထိ မြင့်တက်ခဲ့ပါတယ်။ ပဲရစ်မြို့မှာ မိုးရေချိန်မြင့်မားခဲ့သလို လိုင်ယွန်မြို့မှာလဲ ရေကြီးရေလျှံမှုအခြေအနေတွေဆိုးရွားခဲ့တယ်။ အောက်တိုဘာ ၁၈ ရက်က စတင်ပြီး ရေကြီးရေလျှံမှုအခြေအနေဆိုးရွားခဲ့ပြီး နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံး ရေကြီးရေလျှံမှုအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်"ဟု ပြင်သစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး အန်ဂျက်စ်ပန်နီယာက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat



# ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် မိုးသက်လေပြင်းကျရောက်မှုကြောင့် ရေဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်

**အော့တဝါ အောက်တိုဘာ ၁၉**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ကမ်းခြေတွင် အောက်တိုဘာ ၁၈ ရက်က မိုးသက်လေပြင်း ကျရောက်မှုကြောင့် မြစ်ရေပမာဏမြင့်တက်နေပြီး ရေဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗန်ကိုဗားကျွန်း၊ မက်ထရိုဗန်ကိုဗားနှင့် ဗြိတိသျှကိုလံဘီယာပြည်နယ် တောင်ဘက်ပိုင်းကမ်းခြေဒေသများတွင် ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားခြင်းဖြစ်ပြီး ဗြိတိသျှကိုလံဘီယာပြည်နယ်အလယ်ပိုင်းကမ်းခြေဒေသများတွင် လာမည့် ၄၈ နာရီအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ မိုးရွာသွန်းမှုမှာ မိုးရေချိန် မီလီမီတာ ၇၀ ထိမြင့်တက်နေပြီး ဗန်ကိုဗားကျွန်းတွင် မိုးရေချိန်မှာ မီလီမီတာ ၁၀၀ ထိမြင့်တက်လာနိုင်ကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဗန်ကိုဗားကျွန်းနဲ့ အလယ်ပိုင်း၊ တောင်ဘက်ပိုင်းကမ်းခြေဒေသတွေမှာ မိုးသက်လေပြင်းကျရောက်နေပါတယ်၊ မိုးရေချိန်ကလဲ မီလီမီတာ ၇၀ ရှိနေပြီး မီလီမီတာ ၁၀၀ ထိ မြင့်တက်လာနိုင်ပါတယ်၊ တောင်တန်းတွေမှာလဲ မိုးတွေ ဆက်တိုက်ရွာသွန်းနေတယ်၊ တောင်တန်းတွေမှာတော့ မိုးရေချိန်ဟာ မီလီမီတာ ၂၀၀ ထိမြင့်တက်သွားနိုင်တယ်၊ လာမဲ့ ၄၈ နာရီအတွင်း ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်တယ်"ဟု ကနေဒါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး စတီဗင်က ပြောကြားခဲ့သည်။

ယနေ့နောက်ပိုင်း ရေဘေးအန္တရာယ်သတိထားရမည့်ကာလများဖြစ်သည့်အတွက် ဒေသခံများအနေဖြင့် လိုအပ်သောကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် ကနေဒါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးစတီဗင်က သတိပေးပြောကြားထားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ယူဂန်ဒါနိုင်ငံတွင် အမှိုက်ပုံပြိုကျရာမှ လူ ၃၅ ဦးသေဆုံးမှုကြောင့် တာဝန်ရှိသူသုံးဦးကို စွဲချက်တင်

**ကမ်ပါလာ အောက်တိုဘာ ၁၉**

ယူဂန်ဒါနိုင်ငံမြို့တော် ကမ်ပါလာအနီးတွင် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး အမှိုက်ပုံပြိုကျမှုကြောင့် တာဝန်ရှိသော မြို့တော်မြူနီစီပယ်အရာရှိဟောင်းသုံးဦးကို ယူဂန်ဒါတရားရုံးက အောက်တိုဘာ ၁၈ ရက်တွင် စွဲချက်တင်ခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များ၏ သတင်းထုတ်ပြန်ချက်များကိုကိုးကား၍ ယနေ့သတင်းများအရ သိရသည်။

ယူဂန်ဒါနိုင်ငံတွင် ဩဂုတ် ၁၀ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကမ်ပါလာမြို့ မြောက်ဘက် ကိုင်တီဇီဒေသတွင် စုပုံထားသောအမှိုက်ပုံတစ်ခု ပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၃၅ ဦးနှင့် တိရစ္ဆာန်များပါ မြေပြိုမှုအတွင်း သေဆုံးမှုဖြစ်ပွားခဲ့သဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်၍တာဝန်ရှိသော အစိုးရမြူနီစီပယ်အရာရှိဟောင်း သုံးဦးကို လူသတ်မှု၊ လူသေဆုံးသည်ထိပေါ့ဆမှုတို့ကြောင့် ပုဒ်မ-၅၇ ဖြင့် စွဲချက်တင်ထားကြောင်း သိရသည်။

ယူဂန်ဒါသမ္မတ ယူဝါရီမူဆယ်ဗီနီက အဆိုပါအရာရှိသုံးဦးကို စက်တင်ဘာလအတွင်း ရာထူးမှ ထုတ်ပယ်ခဲ့ပြီး အမှိုက်ပုံပြိုကျမှုကြောင့် သေဆုံးသူတစ်ဦးစီအတွက် အမေရိကန်ဒေါ်လာ ၁၃၀၀ စီနှင့် ဒဏ်ရာရရှိသူ တစ်ဦးစီအတွက် အမေရိကန်ဒေါ်လာ ၂၇၀ တို့ကို ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

အကျယ်အဝန်း ၃၆ ဧကခန့်ရှိသော အဆိုပါအမှိုက်ပုံကို ၁၉၉၆ ခုနှစ်မှစတင်၍ အဆိုပါနေရာတွင် စုပုံခဲ့ပြီး ကမ်ပါလာမြို့နှင့် အနီးဝန်းကျင်ဒေသများမှ တစ်နေ့လျှင် တန်ချိန် ၁၅၀၀ ခန့် လာရောက်စွန့်ပစ်လျက်ရှိရာ အမှိုက်ပုံအနီးတွင် နေထိုင်သူများနှင့် အလုပ်လုပ်ကိုင်သူများကို ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကျရောက်နိုင်ကြောင်း ကမ်ပါလာမြို့တော်ဝန် အယ်ရီရက်လူကွာဒိုက ယခုနှစ် ဇန်နဝါရီလကတည်းက သတိပေးထားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

သစ်ပင်စိုက်ပါ တို့ကမ္ဘာ

သာယာလှပ စိမ်းမြမြ

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ပင့်ကူကောင်ကလေးရဲ့အားမာန်


မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဒီတစ်ပတ် ဦးဦး ပြောပြမဲ့ပုံပြင်ကတော့ 'ပင့်ကူကောင်ကလေးရဲ့ အားမာန်'လို့ အမည်ရပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ညောင်ပင်သာရွာမှာ မောင်ကောင်းလို့ အမည်ရတဲ့ ကလေးတစ်ယောက် ရှိသတဲ့ကွယ်။ မောင်ကောင်းဟာ အခြေခံပညာကို သင်ယူနေပြီး လိမ္မာယဉ်ကျေးသတဲ့။ မိဘနှစ်ပါးဟာ ချမ်းသာတော့ မောင်ကောင်းကလေးကို ပညာတတ်ကြီးဖြစ်စေချင်တာပေါ့ကွယ်။ ဒါပေမဲ့ မောင်ကောင်းလေးကတော့ ဉာဏ်ထိုင်းသတဲ့။ ဆရာ၊ ဆရာမက သင်ပြတဲ့စာကို အချိန်ကြာကြာ ကျက်မှတ်ရသတဲ့။ အဲဒီလိုကျက်မှတ်တဲ့အခါ ကျက်တုန်းပဲ စာရသတဲ့ကွယ်။ နောက်နေ့မနက်ရောက်တော့ စာတွေကို မမှတ်မိတော့ဘူးတဲ့ကွယ်။ ကျောင်းမှာလဲ စာသိပ်ညံ့တဲ့ကျောင်းသားစာရင်းမှာ ထိပ်ဆုံးက ပါတာပေါ့။ ဒါကြောင့် မောင်ကောင်းကလေးဟာ ကျောင်းတက်ရမှာကိုကြောက်နေတာပေါ့။ ဆရာ၊ ဆရာမက စာသင်ရင်လဲ မောင်ကောင်းကလေးဟာ စိတ်မဝင်စားဘူးပေါ့ကွယ်။ မောင်ကောင်းကလေးကို ကြည့်လိုက်ရင် တမှိုင်မှိုင်တထွေထွေဖြစ်နေသတဲ့။ အိမ်ရောက်ရင်လဲ စာကျက်ဖို့ပျင်းနေသတဲ့။ မောင်ကောင်းကလေးရဲ့ အခြေအနေကို မိဘတွေက သတိထားမိသတဲ့။ ဒါကြောင့် မောင်ကောင်းကလေးရဲ့အမေဟာ မောင်ကောင်းကလေး စိတ်အပန်းဖြေနိုင်ဖို့ မြို့ပေါ်က အမျိုးတွေဆီခေါ်သွားသတဲ့။

မောင်ကောင်းကလေးရဲ့အမေဟာ မောင်ကောင်းကလေး စာကိုစိတ်မဝင်စားတဲ့အကြောင်း၊ ဉာဏ်ရည်ထုံတဲ့အကြောင်း အစ်ကိုဝမ်းကွဲတော်သူ ဖိုးစည်ကို ပြောပြသတဲ့။ ဖိုးစည်ကတော့ တက္ကသိုလ်တက်နေတဲ့ တက္ကသိုလ်ကျောင်းသားပေါ့။ ဖိုးစည်ဟာ မောင်ကောင်းကလေးအကြောင်းကို အကုန်သိသွားတဲ့အခါ မောင်ကောင်းကလေးနဲ့အတူ အိမ်အပြင်ဘက် လမ်းလျှောက်ထွက်လာသတဲ့ကွယ်။ လမ်းလျှောက်ရင်း အိမ်ရှေ့ကုက္ကိုပင်ပေါ်မှာ အိမ်ဆောက်နေတဲ့ ပင့်ကူကလေးကို တွေ့သွားသတဲ့။

အဲဒီအခါ ဖိုးစည်က "ညီလေး မောင်ကောင်း၊ ဟော ဟိုက တုတ်တစ်ချောင်း ပေးပါ"လို့ တောင်းသတဲ့။

မောင်ကောင်းကလေးဟာ လျင်လျင်မြန်မြန်ပဲ



တုတ်ကို ကောက်ပေးသတဲ့။

"မောင်ကောင်းရေ ဟိုမှာ ပင့်ကူကလေး အိမ်ဆောက်နေတာ တွေ့လား"လို့ မေးသတဲ့။

အဲဒီအခါမောင်ကောင်းကလေးက "တွေ့ပါတယ် အစ်ကိုကြီး"လို့ ဖြေသတဲ့။

အဲဒီအခါ ဖိုးစည်ဟာ တုတ်နဲ့ ပင့်ကူအိမ်ကို ဖျက်လိုက်သတဲ့။

"ပင့်ကူအိမ်ရှိသေးလား"လို့ မောင်ကောင်းကလေးကိုမေးတဲ့အခါ မောင်ကောင်းကလေးက–

" မရှိတော့ပါဘူး အစ်ကိုကြီး"လို့ ဖြေသတဲ့။

နောက်နေ့မနက် ရောက်တဲ့အခါ ညီအစ်ကို နှစ်ယောက် လမ်းလျှောက်ထွက်ပြန်သတဲ့။ ကုက္ကိုပင်နားရောက်တဲ့အခါ ဖိုးစည်က–

"မောင်ကောင်း မနေ့က ပင့်ကူကလေးဟာ အိမ်ပြန်ဆောက်တာတွေ့လား"လို့ မေးလိုက်သတဲ့။

မောင်ကောင်းကလေးက "တွေ့ပါတယ် အစ်ကိုကြီး"လို့ ပြန်ဖြေလိုက်သတဲ့။

အဲဒီအခါ ဖိုးစည်ဟာ တုတ်နဲ့ပင့်ကူအိမ်ကိုဖျက်လိုက်ပြန်သတဲ့။ နောက်နေ့ ညီအစ်ကိုနှစ်ယောက် လမ်းလျှောက်ထွက်ရင်း ကုက္ကိုပင်နားကို ရောက်လာပြန်သတဲ့။ အဲဒီအခါ ဖိုးစည်က ပင့်ကူအိမ်ကို လက်ညှိုးထိုးပြပြီး "ညီလေး မောင်ကောင်း ပင့်ကူအိမ်ကို မြင်သလား"လို့မေးတဲ့အခါ မောင်ကောင်းကလေးက မြင်တဲ့အကြောင်း ပြန်ပြောသတဲ့။

အဲဒီအခါ ဖိုးစည်က "ညီလေးရေ မှတ်ထား။ ပင့်ကူကလေးဟာသူ့အိမ်ကိုဘယ်လောက်ဖျက်ဖျက်။ သူစိတ်မညစ်ဘူးနော်။ သူ့အိမ်ဖျက်လေ။ သူက အိမ်အသစ်ကို ပြန်ဆောက်လေပဲ။ သူနေဖို့ သူကိုယ်တိုင် အိမ်ဆောက်တယ်။ ဘယ်ပင့်ကူကမှ လာမကူသလို သူကလဲ အကူအညီမတောင်းဘူး။ တိရစ္ဆာန်ဖြစ်ပေမဲ့ ဇွဲ၊ လုံ့လရှိတယ်။ အားမာန်ရှိတယ်။ ညီလေးရေ သေချာမှတ်ထား။ ကိုယ်လိုချင်တာရဖို့ ကိုယ်ကြိုးစားမှကိုယ်ရတာ။ ကိုယ်မကြိုးစားရင် ကိုယ်မရဘူး။ ပင့်ကူကလေးဟာ သူလိုချင်တဲ့ အိမ်ကို သူရအောင်ကြိုးစားယူတယ်။ ဒါကြောင့် ညီလေးမောင်ကောင်းလဲ ပညာတတ်ဖြစ်ဖို့ ပညာရအောင် စာတွေကို ထပ်ခါထပ်ခါ ကြိုးစားကျက်။ ညီလေးကြိုးစားရင် စာတွေရပြီး ပညာတတ်ကြီးဖြစ်လိမ့်မယ်။ ငါ စာတွေကို ရကိုရရမယ်ဆိုတဲ့အတွေးနဲ့ကျက်။ အဲဒီနေ့ကျက်ပြီးသားကို နောက်နေ့ ထပ်ကျက်။ အဲဒါဆို ညီလေး ဉာဏ်တွေကောင်းပြီး စာတွေရလာလိမ့်မယ်။ ပညာတတ်ကြီးဖြစ်လာလိမ့်မယ်။ ပင့်ကူကလေးရဲ့ အားမာန်ကို အတုယူပါ မောင်ကောင်းရေ"လို့ ပြောဆိုဆုံးမသတဲ့။

မောင်ကောင်းကလေးဟာ ရွာကိုပြန်ရောက်တဲ့အခါ ပင့်ကူကလေးအိမ်ဆောက်သလို စာတွေကို ထပ်ခါထပ်ခါ ကြိုးစားကျက်သတဲ့။ စာကျက်ဖန်များလာတဲ့အခါ မောင်ကောင်းကလေးဟာ စာတွေကိုမမေ့တော့ဘဲ ဉာဏ်ပိုကောင်းလာသတဲ့။ မောင်ကောင်းကလေး စာတွေရတော့ ကျောင်းတက်ရတာကို ပျော်လာသတဲ့ကွယ်။ နောက်ဆုံး ကျောင်းသားတွေထဲမှာ အတော်ဆုံးကျောင်းသား ဖြစ်သွားသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲ သားသားမီးမီးတို့ရေ။ သားသား မီးမီးတို့လဲ 'ပင့်ကူကောင်ကလေးရဲ့ အားမာန်' ပုံပြင်ထဲက မောင်ကောင်းကလေးကို အတုယူပြီး စာတွေကို ကြိုးစားကျက်မှတ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

---

## စာကြည့်တိုက်မှာ စာဖတ်ပါ

- စာကြည့်တိုက်သို့ သွားလို့ရယ်
  စာပေဖတ်စို့ကွယ်၊
  ရင်သွေးငယ်တို့ တိုးတက်ရေး
  အသိပညာပေး။

- လိမ္မာယဉ်ကျေး သုတဖြာ
  စာပေထဲမှာရှာ၊
  ကမ္ဘာမြို့ရွာ အကြောင်းများ
  ဗဟုသုတပွား၊
  စာပေဖတ်စို့လား။ ။

**မင်းဝေအောင်(ရဲကျွန်း)**



## မီးပုံးပျံ

- လေဟုန်စီး၍ ခရီးနှင်
  ကောင်းကင်ယံထက်တွင်
  ပြုံးပြုံးရွှင်ရွှင် သူ့အဆင်း
  မီးရောင်တဝင်းဝင်း။

- အမှောင်ခွင်းကာ အလင်းသီ
  ဝေဟင်ထက်မှာ တည်
  ရှုမဝပီ သူ့အလင်း
  ကြယ်လပုံ အဆင်း။ ။

**ပြည့်စုံအောင်**






လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဒွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၃၉၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၃၉၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၉၄၂ ဧကနှင့်ဖူးစားပြောင်း ၁၇၂၅ ဧက စုစုပေါင်း ၄၆၆၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၉၈၅ ဧကနှင့် ဖူးစားပြောင်း ဧက ၃၀၀၀ စုစုပေါင်း ၃၉၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးသတ်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးနေကြောင်း သိရသည်။

ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ခန့် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် ဇကာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းစစ်ဆေး

**မင်းဘူး အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် လက်ခုပ်ပင်ကျေးရွာအုပ်စု ဇကာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဇကာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေးအလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၆၅ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်




၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ

We Protect The Family

မိသားစုဘဝ လုံခြုံစိတ်ချဖို့ ကျန်းမာရေးအာမခံ ထားကြစို့!

၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၃၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## စည်သွတ်စက်ရုံ(မန္တလေး)အတွက် အမဲသားကုန်ကြမ်းများတင်သွင်းရန် အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စည်သွတ်စက်ရုံ(မန္တလေး)မှ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ် (၂၀၂၄ ခု ဧပြီလမှ ၂၀၂၅ခု မတ်လအထိ)အတွက် အမဲသားစည်သွတ်ဘူးထုတ်လုပ်ရန် လိုအပ်သော အမဲသား (အသားကောင်း)(၆၇,၆၈၀)ပိဿာအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် အမဲသားသတ်လိုင်စင်(စီ)ရထားသူများအနေဖြင့် အောက်ပါအတိုင်း တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) တင်ဒါတင်သွင်းရမည့်နေရာ-
စည်သွတ်စက်ရုံ(မန္တလေး)၊ ချမ်းမြသာစည်လေဆိပ်အနောက်ဘက်။

(ခ) တင်ဒါတင်သွင်းရမည့်နေ့နှင့်အချိန်-
၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက် (၀၈:၀၀)နာရီမှ
၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက် (၁၂:၀၀)နာရီထိ

(ဂ) တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်ရက်နှင့်အချိန်-
၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက် (၁၃:၀၀)နာရီ

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်ဒါပုံစံများကို တင်ဒါတင်သွင်းရမည့် စက်ရုံတွင် ရုံးဖွင့်ရက် နံနက် (၀၈:၀၀)နာရီမှ ညနေ(၁၆:၀၀)နာရီအတွင်း လာရောက်ကြည့်ရှုစုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ငွေကျပ် ၂၀၀၀၀/-ဖြင့် ဝယ်ယူနိုင်ပါသည်။

**စက်ရုံမှူး၊ စည်သွတ်စက်ရုံ(မန္တလေး)**


COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။




## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ **မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏ မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ် ဆက်လက်တည်ရှိနေ


နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းဆဲလ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် အောက်တိုဘာ ၂၁ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် မုန်တိုင်းငယ်(Depression)အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါလေဖိအားနည်းဆဲလ်နှင့်ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ယနေ့ညမှ

စာမျက်နှာ ၁၉ ကော်လံ ၁ ❑

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၉-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၉-၁၀-၂၀၂၄ မှ ၂၀-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**မန္တလေးမြို့ပေါ် ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာ ပြည်သူများထံမှ ရွှေဆွဲကြိုးများ အကြိမ်ကြိမ်လုယက်မှု ကျူးလွန်ခဲ့သူ တရားခံအမျိုးသား သုံးဦးကို သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၂

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံး၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




နေပြည်တော် အောက်တိုဘာ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၆၄၂၈၄၇ ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် လက်ဝတ်ရတနာပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၀၁၂၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ်၁၁၆၉၄၄၀၄၇ ကို

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။


Quality For You VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
VEGA Quality For You


ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၅၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉